ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (24-9-2008) (၅၈၁၁)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဂျူးလီးယက် ဂီရော့လွိုင်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျူးလီးယက် ဂီရော့လွိုင်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)



# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အစ္စရေးလ်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးလ်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ယာရွှန်မေယာသည် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးလ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ယာရွှန်မေယာ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။** (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၂၄-၉-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးတွင် အတတ်ပညာ၊ နည်းပညာစွမ်းအား ဖြည့်ဆည်းမြှင့်တင်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ တစ်ရှိန်ထိုးတိုးတက်ပြောင်းလဲလာမှုများသည် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံကို လွှမ်းခြုံကြီးစိုးလျက်ရှိသည်။ ယင်းသို့သော အချိန်အခါတွင် နိုင်ငံနှင့်လူမျိုး ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်ရာ၌ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုအခြေခံကောင်းများ တည်ဆောက်နိုင်ရေးသာမက အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးသည်လည်း ပဓာနကျသောအခန်းမှ ပါဝင်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူလူငယ်များကို ပညာရပ်အလိုက် ထူးချွန်ထက်မြက်လာစေရေးသာမက ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ ပညာရည်မြင့်မားမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စာရိတ္တခိုင်ကျည်မှု၊ စိတ်ထားမွန်မြတ်မှုစသည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ရရှိလာစေရေးအတွက်လည်း အသိပညာပေး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံ၏ စီးပွားရေးအခြေခံကောင်းများ တည်ဆောက်ရာ၌ စိုက်ပျိုးရေး၊ စက်မှုနှင့် ဆက်သွယ်ရေးနည်းပညာ အခြေပြုလုပ်ငန်းများ တစ်ဆက်တစ်စပ်တည်း အကျိုးပြုဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရက စီမံဖြည့်ဆည်းပေးနေသည်။ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် စက်မှုဆိုင်ရာအခြေခံအဆောက်အအုံများကို ထုနှင့်ထည်နှင့် တည်ဆောက်ပေးလျက်ရှိသည်။

ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသမိုင်းကြောင်းနှင့်အညီ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လူငယ်လူရွယ်များကို ပညာရည်မြင့်မားပြီး ကျွမ်းကျင်မှု အတတ်ပညာ၊ နည်းပညာများ ပြည့်စုံတတ်မြောက်နေစေရေး အစဉ်အမြဲ အားထုတ် သင်ကြားပေးကြရမည်ဖြစ်သည်။

ပညာအရည်အသွေး ပြည့်ဝထက်မြက်သော မျိုးဆက်သစ်များသည် ငြိမ်းချမ်းသာယာဝပြောသည့် လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာရေးတွင် အဓိကအရင်းအမြစ် စွမ်းအားစုများဖြစ်သည်။ နိုင်ငံတော်အစိုးရက ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ခေတ်မီကွန်ရက်စနစ်များကို စီမံဖန်တီးတည်ဆောက်ပေးလျက်ရှိသည်။

သို့ဖြစ်၍ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူတိုင်းက ကျောင်းသား၊ ကျောင်းသူလူငယ်များကို စွမ်းရည်စိတ်ဓာတ် ပြည့်ဝခိုင်မာစေရေး အတတ်ပညာ၊ နည်းပညာစွမ်းအားများ စဉ်ဆက်မပြတ် မြှင့်တင်ပျိုးထောင်ပေးခြင်းဖြင့် အမျိုးသားပညာရည်မြင့်မားမှု အပါအဝင် နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရလဒ်ကောင်းများ အရှည်တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။ ။




ပုသိမ်တက္ကသိုလ်၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ထူးချွန်သော ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ၂၀၀၇-၂၀၀၈ ခုနှစ် အမျိုးသမီးစွမ်းဆောင်ရှင်ဆုရရှိသော ဒေါက်တာနွယ်နွယ်စိုး(ကထိက-မြန်မာစာဌာန)အား တာဝန်ခံပါမောက္ခချုပ် ဦးလှတင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့ မုံရွာစက်မှုဇုန်နှင့် မုံရွာကုန်စည်ဒိုင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

**စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် မုံရွာစက်မှုဇုန် သီဟထွန်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံတွင် စက်အရန်ပစ္စည်း ထုတ်လုပ်မှုများ၊ ထွန်စက်ငယ်ထုတ်လုပ်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။**

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သီဟထွန်းကုမ္ပဏီလီမိတက်၏ ရှင်းလင်းဆောင်၌ မုံရွာစက်မှုဇုန်မှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြရာ ရှေးဦးစွာ မုံရွာစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးငြိမ်းအောင်က မုံရွာစက်မှုဇုန်၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းစု(၁၂)စုမှ တာဝန်ခံများက ကုန်ပစ္စည်း အုပ်စုလိုက် ကုန်ထုတ်လုပ်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အထွေအထွေမန်နေဂျာ ဦးမြင့်ဝင်းကစက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စက်ပစ္စည်းများ တင်သွင်းပေးနေမှုအခြေအနေများကိုလည်းကောင်း၊ သီဟထွန်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက သံရည်ကျိုစက်ရုံလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လုပ်ငန်းရှင်များ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

**— ကြည့်ရှုအားပေး —**

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညနေ ၅ နာရီတွင် မုံရွာကုန်စည်ဒိုင်မှ ကုန်သည်များနှင့် တွေ့ဆုံ၍ ကုန်သည်လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များကိုပြန်လည်ဖြေကြားပြီး ခင်းကျင်းပြသထားသောပဲ၊ နှမ်း နမူနာများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက လူငယ်များ အတွက် "စကားလက်ဆောင်" ခေါင်းစဉ်ဖြင့် ဟောပြောသည်။

အလားတူ ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ လွယ်မွေ့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးခမ်လျန်ဆုံးက "ရည်မှန်းချက်ရှိရမည်" ခေါင်းစဉ်ဖြင့် ဟောပြောကြောင်းသိရသည်။ (သတင်းစဉ်)



## ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းပြုပြင်ရန် ငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း ပြုပြင်ရန် အလှူရှင် Mr. Gordon Bacon OBE (အဖွဲ့ခေါင်းဆောင်) International Rescue Committee (IRC)က ငွေကျပ်သိန်း ၄၅၀ နှင့် WFC Global Aid Network (GAiN) ပြည်ပတွင် အလုပ်လုပ်ကြသော မိသားစုဝင်များကိုယ်စား ဥက္ကဋ္ဌ ဒေါက်တာတင်မောင်ထွန်းနှင့် အဖွဲ့က အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးရှိ အဝတ်အစားများ၊ ကစားစရာအရုပ်များ၊ လူသုံးကုန်ပစ္စည်းများနှင့် နို့မှုန့်များကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ မေခလာခန်းမသို့ လာရောက် ပေးအပ်လှူဒါန်းကြရာ အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

**အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး အလှူငွေနှင့်ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေထံ အလှူရှင် Mr. Gordon Bacon OBE (အဖွဲ့ခေါင်းဆောင်) International Rescue Committee (IRC)က လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း ပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၄၅၀ကို ပေးအပ်လှူဒါန်းစဉ်။** (လူမှုဝန်ထမ်း)

## သုံးခွမြို့နယ်အတွင်း ကျေးရွာစာကြည့်တိုက်များနှင့် ဆေးရုံ၊ ဆေးခန်းများအတွက် ပရိဘောဂလှူဒါန်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များနှင့် ဆေးရုံ၊ ဆေးခန်းများအတွက် ဦးမောင်အေး၊ ဒေါ်ခင်မျိုးလှ (ပြည်တော်သာ-ရွှေသိန်း)ဆန်စက်မိသားစုကငွေကျပ် ၁၀သိန်းတန်ဖိုးရှိ ခုံတန်းလျား ၁၈၅လုံးအား လှူဒါန်းသည့် အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပရာ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ အသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများတက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစန်းလှိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဒေါက်တာမြင့်သိန်းတို့က ကျေးဇူးတင်စကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးညွန့်ရွှေက စာကြည့်တိုက်ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်များဆွေးနွေးသည်။

ထို့နောက် ဦးမောင်အေး၊ ဒေါ်ခင်မျိုးလှ (ပြည်တော်သာ-ရွှေသိန်း) ဆန်စက်မိသားစုက ခုံတန်းလျားများလှူဒါန်းကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင် **(ယာပုံ)**က ဂုဏ်ပြုလွှာ ချီးမြှင့်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)



# ဟသ်ာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

**ဧရာဝတီတိုင်း ဟသ်ာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၈)ကို စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် ဟသ်ာတမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်း ဟသ်ာတခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တက်ရောက်၍ အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် အသုံးပြုရန် အလှူငွေများကို ထောက်ပံ့ပေးအပ်သည်။**

ထို့နောက် ဟသ်ာတခရိုင်အတွင်းမှ ၂၀၀၇-၂၀၀၈ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူငါးဦး၊ ငါးဘာသာ ဂုဏ်ထူးရရှိသူ ၁၀ ဦး၊ လေးဘာသာ ဂုဏ်ထူးရရှိသူ ၁၈ ဦး၊ မြို့နယ်အလိုက် အောင်ချက်အကောင်းဆုံးရရှိသည့် ကျောင်းခြောက်ကျောင်းနှင့် တိုင်းအဆင့် ထူးချွန်ဆုရရှိသူလေးဦးတို့အားဗဟိုအလုပ် အမှုဆောင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်အစည်းအဝေးဒုတိယပိုင်းကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။(သတင်းစဉ်)





**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ဟသ်ာတခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## (၁၆)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်( ၄ )ရပ်

**၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။**

**၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။**

**၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။**

**၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။**

# အေးချမ်းစည်ပင်ဖွံ့ဖြိုးနေသည့် ဝမ်မိုင်ဆုံကျေးရွာ

**သတင်းဆောင်းပါး-မေမေနီ**

နိုင်ငံတစ်ဝန်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်ရှိ ဝမ်မိုင်ဆုံကျေးရွာလည်း အပါအဝင်ဖြစ်သည်။

ဝမ်မိုင်ဆုံကျေးရွာသည် လူနေအိမ်ခြေ ၁၁၅ အိမ်ရှိပြီး အခြေခံပညာ မူလတန်းကျောင်း တစ်ကျောင်းရှိသည်။ ကျေးရွာကိုယ့်အားကိုယ်ကိုး ပညာဂုဏ်စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိသည်။ စာကြည့်တိုက်အတွက် စာအုပ်




**ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ဝမ်မိုင်ဆုံ ကိုယ့်အားကိုယ်ကိုး ကြက်ဆူဆီသုံး မီးစက်ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းမြင့်သိန်း၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာနှင့် ကျေးရွာဥက္ကဋ္ဌ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး စဉ်။**

နှင့်ပစ္စည်းများ လှူဒါန်းပွဲကို စက်တင်ဘာ ၁၁ ရက်က စာကြည့်တိုက် စာဖတ်ဝိုင်း၌ ကျင်းပသည်။ သုတ ရသစာအုပ်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်က စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကန္ဒသို့လည်းကောင်း၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက ဂျာနယ်၊ စာစောင်များကို စာကြည့်တိုက်မှူး ဒေါ်နန်းမိုခမ်းသို့လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်စန်းမြင့်က ရေဒီယိုတစ်လုံးကို စာကြည့်တိုက်ကော်မတီဝင် ဦးစိုင်းခမ်းမွန်းသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဝမ်မိုင်ဆုံကျေးရွာရှိ ရပ်မိရပ်ဖများ စုစည်းကာ စာဖတ်ဝိုင်း ပြုလုပ်ရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းစာအုပ်အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် နန်းငင်းမိုနှင့် ဒေါ်သင်းသင်းလှိုင်တို့က ရှမ်း၊ မြန်မာ နှစ်ဘာသာဖြင့် ဖတ်ကြားသည်။ ထို့နောက် ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၁၇)မှ “ကိုယ့်မျိုးကိုယ်သိမ်း နေကြာမျိုးသန့်ထိန်း” ဆောင်းပါးအား ဒေါ်ဟေမာန်နှင့်ဒေါ်နန်းမိုခမ်းတို့ကရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် ဖတ်ကြားပြီးနောက် မြို့နယ်ဦးစီးမှူးဒေါ်စန်းမြင့်က စာဖတ်ဝိုင်းများ အရှိန်တိုးမြှင့်ဆောင်ရွက်ရေးအတွက် ဆွေးနွေးသွားသည်။

ဝမ်မိုင်ဆုံကျေးရွာတွင် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းကကြီးမှူး၍ အမျိုးသမီးငယ်ရွယ်သူများအား စက်ချုပ်သင်တန်းဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ ကျန်းမာရေးပညာပေး ဟောပြောပွဲကို ကျေးလက်ကျန်းမာရေး ဌာနခွဲအနီး၌ ကျင်းပရာ သွေးလွန်တုပ်ကွေးနှင့် ပတ်သက်၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာငွေရည်ခိုင်၏ ဟောပြောချက်ကို ကျန်းမာရေးဝန်ထမ်း ဒေါ်နန်းလာက ရှမ်းဘာသာဖြင့် ပြန်လည်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တီဘီရောဂါ၊ ငှက်ဖျားရောဂါ အကြောင်းများကိုလည်း ရှင်းလင်းဟောပြောကြောင်း သိရသည်။ ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီးနှင့်အဖွဲ့သည် ဝမ်မိုင်ဆုံကျေးရွာ ကျန်းမာရေးဌာနခွဲ၌ မိခင်နှင့်ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ဝမ်မိုင်ဆုံကျေးရွာတွင် ကျေးရွာပိုင်အများသောက်သုံးရန် အဝီစိရေတွင်းများ တူးဖော်ထားရာ ရေကောင်းရေသန့်များ ရရှိသုံးစွဲကြရသည်။ ထို့ပြင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးအောင်မြင်နေသော ကျေးရွာဖြစ်၍ ကျေးရွာပိုင်မီးစက်ဖြင့် ကျေးရွာတစ်ခုလုံး လျှပ်စစ်မီး အသုံးပြုလျက်ရှိပြီး ရုပ်မြင်သံကြား အစီအစဉ်များကိုလည်း နေအိမ်များတွင် လေ့လာကြည့်ရှု အပန်းဖြေနိုင်ကြပြီဖြစ်သည်။ ကိုယ့်အားကိုယ်ကိုး ကြက်ဆူဆီသုံး မီးစက်ဖွင့်ပွဲကို စက်တင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။ အစီအစဉ်အရ ကြက်ဆူဆီသုံး မီးစက်တည်ဆောက်မှု အခြေအနေကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းလှိုင်က ရှင်းလင်းပြောကြားပြီးနောက် မီးစက်အား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုင်းမြင့်သိန်း၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းဝဏ္ဏတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ သည်။ ယင်းမီးစက်ဖြင့် နေအိမ်များသို့ ညစဉ် လျှပ်စစ်မီး ရရှိနေကြပြီဖြစ် သည်။

ဝမ်မိုင်ဆုံကျေးရွာအတွင်းတွင် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းများ ဖောက်လုပ်ထားရှိသည်။

ဝမ်မိုင်ဆုံကျေးရွာကလေး၌ မွေးမြူရေးနှင့် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြသည်ဖြစ်ရာ စပါး၊ ပြောင်း၊ မြေပဲ၊ ပဲပုပ်၊ ကြက်သွန်ဖြူစသည့် သီးနှံများကို စိုက်ပျိုးကြသည်။ လယ်စပါး၊ ရွှေရင်အေးစပါးကို စိုက်ပျိုးကြပြီး နေ့စဉ် မြေဩဇာကျွေးခြင်း၊ ပေါင်းလိုက်ခြင်းများ ဂရုစိုက်ဆောင်ရွက်ကြသဖြင့် တစ်ဧကအထွက်နှုန်း ၁၀၅ တင်းနှုန်းခန့် ထွက်ရှိပြီး ဝမ်းစာစပါး ဖူလုံပိုလျှံမှုရှိကြောင်း သိရှိရသည်။ ထို့အတူ လဲချားမြို့နယ်သည် စပါးစိုက်ဧက လေးသောင်းခန့်ရှိပြီး ဆန်ဖူလုံမှုရာခိုင်နှုန်း ၂၆၈ ဒသမ ၆၀ ရာခိုင်နှုန်း ရှိကြောင်း သိရှိရသည်။

ထို့အတူ လိမ္မော်၊ သရက်စသည့် နှစ်ရှည်ပင်များလည်း စိုက်ပျိုးကြသည်။ ဝမ်မိုင်ဆုံကျေးရွာသည် စီးပွားရေး တိုးတက်ကောင်းမွန်လျက်ရှိပြီး ကျေးရွာပိုင် ထင်းစိုက်ခင်းများနှင့် သစ်တောကြိုးဝိုင်းများကိုလည်း ထိန်းသိမ်းလျက်ရှိသဖြင့် ဒေသတစ်ခွင် စိမ်းလန်းစိုပြည်နေသည်။

နိုင်ငံတော်၏ စီမံဖြည့်ဆည်းပေးမှုဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်နည်းတူ ဝမ်မိုင်ဆုံကျေးရွာကလေးသည် အေးချမ်းစည်ပင် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်က စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကန္ဒထံ သုတ၊ ရသစာအုပ်များ လှူဒါန်းစဉ်။**





ဂျပန်နိုင်ငံ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌအဖြစ် အရွေးခံရသော တာရိုအာဆိုကို ထောက်ခံသူများ၏အလယ်တွင် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ဂျပန်အယ်လ်ဒီပီပါတီဥက္ကဋ္ဌအဖြစ် တာရိုအာဆိုအားရွေးချယ်

**တိုကျို စက်တင်ဘာ ၂၂**

ဂျပန်နိုင်ငံတွင် လက်ရှိအာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)၏ အထွေထွေအတွင်းရေးမှူး တာရိုအာဆိုကို ပါတီအကြီးအကဲအဖြစ် တနင်္လာနေ့က ရွေးချယ်လိုက်သည်။

အာဆိုသည် ဂျူနီချီရိုကိုအိဇူမီ၏ အစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ရှင်ဇိုအာဘေး၏အစိုးရအဖွဲ့တွင်လည်း ဆက်လက် ထမ်းဆောင်ခဲ့သည်။ ပါတီဥက္ကဋ္ဌအတွက် ရွေးချယ်ပွဲတွင် စုစုပေါင်း မဲအရေအတွက် ၅၂၇တွင် ၃၅၁မဲ သို့မဟုတ် ၆၆ ဒသမ၆ရာခိုင်နှုန်း ရရှိခဲ့သည်။ အယ်လ်ဒီပီပါတီ၏ ရွေးကောက်ပွဲစည်းကမ်းအရ ရွေးကောက်ပွဲဝင်တစ်ဦးသည် မဲအရေအတွက် အများဆုံးရရှိခဲ့လျှင် ရွေးကောက်ပွဲတွင် အနိုင်ရသူဖြစ်သည်။

ဗုဒ္ဓဟူးနေ့တွင် ကျင်းပမည့် အထူးလွှတ်တော်အစည်းအဝေးတွင် အာဆိုသည် အလိုအလျောက် ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာမည်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ ခေါင်းဆောင်အသစ်ရွေးချယ်ရာတွင် နောက်ဆုံး အဆုံးအဖြတ်ပေးမည့် သြဇာအာဏာရှိသော အောက်လွှတ်တော်တွင်လည်း အယ်လ်ဒီပီပါတီက ကြီးစိုးထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## နှစ် ၁၀၀၀ ကျော်က ဂျူးမြို့တော်ဟောင်း တူးဖော်တွေ့ရှိ

**မော်စကို စက်တင်ဘာ ၂၂**

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်က သက်ဦးဆံပိုင်ဘုရင်စနစ်ကို လက်ခံကျင့်သုံး နေထိုင်ခဲ့ကြသော ဂျူးလူမျိုးတို့၏ ပျောက်ဆုံးနေသော ရှေးဟောင်း ကာဇာမြို့တော်အား ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း ရုရှားရှေးဟောင်းသုတေသနပညာရှင်တစ်ဦးက ပြောကြားသည်။

မိမိတို့အနေဖြင့် ကက်စပီယံပင်လယ်အနီးတွင် ကိုးနှစ်ကြာတူးဖော်သုတေသနပြုခဲ့ရာမှ နောက်ဆုံးတွင် မြေကြီးအောက်၌ နစ်မြုပ်နေသော မီးခံအုတ်များဖြင့် တည်ဆောက်ထားသည့် တြိဂံပုံသဏ္ဌာန်ရှိ စည်းရိုးတစ်ခုအား တူးဖော်တွေ့ရှိခဲ့ကြောင်း၊ ယင်းသည် အိမ်ခန်းတစ်လျှောက် ကာရံထားသည့် ပန္နက်အောက်ခြေများဖြစ်နိုင်ကြောင်းနှင့် ယင်းဒေသတွင် အိုင်တယ်မျိုးနွယ်ဝင်များ နေထိုင်ခဲ့သည်ဟု ယူဆရကြောင်း အက်စက်တရက်ကင်ပြည်နယ် တက္ကသိုလ်မှ ပါရဂူ ဒီမီထရီဗက်ဆယ်ရီဆိုသူက ပြောကြားသည်။ အဆိုပါတူးဖော်တွေ့ရှိမှုအား အာရပ်၊ဂျူးနှင့် ဥရောပနိုင်ငံများမှ စာရေးဆရာများက အလယ်ခေတ်ဖြစ်သော အေဒီ-၁၁ ရာစု အချိန်ခန့်က တည်ရှိခဲ့သည့် ဂျူးတို့၏ ပျောက်ဆုံးခဲ့ပြီးဖြစ်သည့် မြို့တော်အဖြစ် ရေးသားဖော်ပြကြသည်။ ယင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာ အစိုးရက ထောက်ခံအတည်ပြုပေးခဲ့သည်။ ယခုကဲ့သို့ တွေ့ရှိမှုသည် ဥရောပအရှေ့ပိုင်းဒေသများ၏ ကြီးကျယ်ခမ်းနားသော မြေရှင်ပဒေသရာဇ်ခေတ်ကို လေ့လာရာတွင် များစွာအရေးပါကြောင်းနှင့် ယင်းသည် ရုရှားနိုင်ငံနှင့် သက်ဆိုင်သော သမိုင်းကြောင်း တစ်စိတ်တစ်ဒေသကို လေ့လာရာတွင် များစွာအကျိုးရှိမည်ဟုယူဆရကြောင်း ပါရဂူက ပြောကြားသည်။

***အင်တာနက်။***

## ပါကစ္စတန်ခေါင်းဆောင်များ သေဘေးမှ သီသီလေးလွတ်မြောက်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၂**

ပါကစ္စတန်နိုင်ငံအစ္စလာမ္မာဘတ်မြို့ မာရီယော့ဟိုတယ်ကို စက်တင်ဘာ ၂၀ ရက်တွင် အသေခံဗုံးခွဲတိုက်ခိုက်သောအချိန်တွင် ပါကစ္စတန် ထိပ်တန်းခေါင်းဆောင်များသည် အဆိုပါဟိုတယ်တွင် ညစာစားပွဲအတွက် ရောက်ရှိနေပြီး ဖြစ်ရမည်ဖြစ်သည်။ သို့သော် နောက်ဆုံး မိနစ်ရောက်မှ ကျင်းပမည့်နေရာ ပြောင်းလဲသွားသဖြင့် အသက်ဘေးမှ လွတ်မြောက်သွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

သို့သော် ဟိုတယ်ပိုင်ရှင်ကမူ၎င်း၏ ဟိုတယ်တွင် မည်သည့်ခေါင်းဆောင်များအတွက်မှ ကြိုတင်မှာကြားထားခြင်းမရှိကြောင်း ပြောကြားသည်။ အစီအစဉ်မပြောင်းမီ အချိန်ထိ မာရီယော့ဟိုတယ်တွင် သမ္မတအေစစ်ဇာဒါရီနှင့် ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီတို့သည် ညစာစားသုံးရန် စီစဉ်ထားကြောင်း မစ္စတာမာလစ်က ပြောကြားသည်။

***အင်တာနက်။***

## တူရကီဆေးရုံ၌ မွေးကင်းစကလေးငယ် ၁၃ဦး တစ်နေ့တည်းသေဆုံး

**အန်ကာရာ စက်တင်ဘာ ၂၂**

တူရကီနိုင်ငံ ဆေးရုံတစ်ရုံတွင် တစ်နေ့တည်းမွေးကင်းစကလေးငယ် ၁၃ ဦးသေဆုံးခဲ့ရာ ကျန်းမာရေးတာဝန်ရှိသူများက ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ထိုအဖြစ်အပျက်မှာ အနောက်ပိုင်းမြို့တော် အဇ်မီရာရှိ ဆေးရုံတွင် ဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါဆေးရုံတွင် ပျံ့နှံ့နေသော ကူးစက်ရောဂါပိုးဝင်သဖြင့်ကလေးငယ်များသေဆုံးရခြင်းဖြစ်သည်ဟုတူရကီသတင်းစာများက ထင်မြင်ချက် ပေးကာ ရေးသားကြသည်။

ဇူလိုင်လအတွင်းကလည်း တူရကီနိုင်ငံ၏ မြို့တော်အန်ကာရာရှိ ဆေးရုံတွင်မွေးကင်းစကလေးငယ် နှစ်ဒါဇင်သေဆုံးရသည့်ကိစ္စ ပေါ်ပေါက်ခဲ့သေးသည်ဟု ဆိုသည်။ ကလေးငယ်များ သေဆုံးမှုကိစ္စ စုံစမ်းစစ်ဆေးခဲ့သည့် ဆရာဝန်များက ဆေးရုံရှိ လူနာနှင့် ဝန်ထမ်းအင်အား မမျှတသဖြင့် ယခုကဲ့သို့ဖြစ်ရကြောင်း ကောက်ချက်ချခဲ့ကြသည်။

***အင်တာနက်။***

## အိန္ဒိယ၌ လောင်စာခိုးထုတ်ရန် ကြိုးပမ်းသူ လောင်စာအခိုးအငွေ့မှန်၍ ၁၅ဦးသေဆုံး

**ဂူဝါဟာတီ(အိန္ဒိယ) စက်တင်ဘာ ၂၂**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် စနေနေ့က ကုန်ရထားမှ လောင်စာများ ခိုးထုတ်ရန် ကြိုးပမ်းနေသူ ၁၅ဦးမှာ အဆိပ်ငွေ့မှန်ကာသေဆုံးခဲ့သည်ဟု ရထားလုပ်ငန်း တာဝန်ရှိသူများက ပြောကြားသည်။

မျိုးနွယ်စု သူပုန်များ ဦးဆောင်သည့်အဖွဲ့သည် ရေနံပေါကြွယ်ဝသော အာသံပြည်နယ်၏ ကာဘီအန်လောင်ဒေသအစွန်မှ ခုတ်မောင်းလာသည့် ရထားပေါ်တွင်ပါသော လောင်စာကို ခိုးယူရန် ကြိုးပမ်းခဲ့ကြသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ထိုကုန်တင်ရထားတွဲ ၄၈ တွဲ၌ ဒီဇယ်နှင့် ဓာတ်ဆီကို တင်ဆောင်လာကြောင်း၊ ထိုအဖွဲ့သည် လောင်စာကို ကြားဖြတ်ခိုးယူရန် ကြိုးပမ်းခဲ့ကြကြောင်း အာသံပြည်နယ် ဂူဝါဟာတီမြို့ရထားလုပ်ငန်းတာဝန်ရှိသူ အက်စ်အက်စ်နာရာယာနန်က ပြောကြားသည်။

၎င်းတို့သည် လောင်စာအရည်ကို ခိုးထုတ်ရန် ကြိုးပမ်းစဉ် လောင်စာအခိုးအငွေ့ အလုံးလိုက်ထွက်လာပြီး အဆိပ်မိခဲ့ကြသည်ဟု မျက်မြင်တွေ့ရှိသူက ပြောကြားသည်။

၎င်း ၁၅ ဦးမှာ ခိုးယူရာနေရာမှ မီတာ၁၀၀ ခန့်အကွာတွင် သေဆုံးနေသည်ကို တွေ့ရပြီး ၃၀ကျော်မှာ သတိလစ်မေ့မြောခဲ့သည်ဟု ရွာသားတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ဖုန်းဖြင့် သတင်းပေးသည်။

ကာဘီအန်လောင် တောင်တန်းဒေသတွင် ခိုအောင်းနေသော သောင်းကျန်းသူများသည် စားနပ်ရိက္ခာ၊ လောင်စာနှင့် လက်နက်များကို မကြာခဏ ခိုးယူခဲ့ကြသည်ဟုဆိုသည်။

***အင်တာနက်။***

## ကြေးမုံ နိုင်ငံတကာသတင်းများ

## မသန့်ရှင်းသောနို့မှုန့်များ တရုတ်နိုင်ငံတွင် ဈေးကွက်မှဖယ်ရှား သေဆုံးသူ ကလေးငယ် လေးဦးအထိရှိလာ

**ပေကျင်း စက်တင်ဘာ ၂၃**

တရုတ်နိုင်ငံတွင် မသန့်ရှင်းသောနို့မှုန့်သောက်သုံးမိသည့်အတွက် ကလေးငယ် သောင်းနှင့်ချီ၍ မမာမကျန်းဖြစ်ရသည့်ပြဿနာ ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က ပေါ်ပေါက်ခဲ့ရာ ထိုနို့မှုန့်ကြောင့် သေဆုံးရသူ ကလေးငယ်ဦးရေမှာ ယခုအခါ လေးဦးအထိ ရှိလာကြောင်း တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံတွင် နို့မှုန့်ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီကြီးပေါင်း ၁၀၉ ခု ရှိသည့်အနက် ကုမ္ပဏီ ၂၂ ခုမှ ဖြန့်ဖြူးသော နို့မှုန့်များကို အရည်အသွေးထိန်းချုပ်စစ်ဆေးရေးဌာနက စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ထိုစစ်ဆေးချက်အရ စန်လု Sanlu အမျိုးအစား နို့မှုန့်အပါအဝင် အချို့နို့မှုန့်များတွင် မသန့်ရှင်းသောဓာတ်ပစ္စည်းများ ပါဝင်သည်ကို တွေ့ရှိရကြောင်း သိရသည်။ မသန့်ရှင်းသောနို့မှုန့် ပါဝင်မှုအချိုးအစားသည် ၁၀ ရာခိုင်နှုန်းမျှသာရှိသည်ဟု ဆိုသည်။

နို့အရည်များမှာမူ အချို့နို့မှုန့်များကဲ့သို့ မယ်လမင်းဓာတ်ပါဝင်သည်ကို မတွေ့ရဘဲ စိတ်ချ စွာသောက်သုံးနိုင်ကြောင်း အဆိုပါအရည်အသွေး ထိန်းချုပ်စစ်ဆေးရေးဌာနက ထုတ်ပြန်သည်။ သန့်ရှင်းသော နို့အရည်တံဆိပ်များတွင် စန်ယောင်(Samyuan)နှင့် နက်စတယ်(Nestle)တံဆိပ်များ ပါဝင်ကြောင်း သိရသည်။

ဈေးကွက်အတွင်းရှိနို့မှုန့်များအနက် စက်တင်ဘာ ၂၃ ရက် အထိ မသန့်ရှင်းကြောင်း တွေ့ရှိရသည့် နို့မှုန့် ၇၀၇၄ တန်ကိုဈေးကွက်အတွင်းမှ ဖယ်ရှားပြီးဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

မယ်လမင်းဓာတ် ရောနှောပါဝင်နေသော မသန့်ရှင်းသည့် နို့မှုန့်များကို သောက်သုံးမိသည့်အတွက် တရုတ်နိုင်ငံတစ်ဝန်းတွင် ဆေးရုံတက်ကုသနေသော ကလေးများအနက် ကလေး ၁၃၀၀၀ ခန့်မှာ နာမကျန်းဖြစ်ကာ ဆေးရုံတက်ရောက် ကုသနေကြရဆဲဖြစ်ပြီး ကလေးငယ် ၄၀၀၀၀ ခန့်မှာ ရောဂါပျောက်ကင်းသက်သာသွားပြီဖြစ်၍ ဆေးရုံမှဆင်းနိုင်ကြပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

မသန့်ရှင်းသည့်နို့မှုန့်ပြဿနာနှင့်ပတ်သက်၍ တရုတ်နိုင်ငံသည် မှန်ကန်သော ကျန်းမာရေးစစ်ဆေး ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) မှ ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## အီဂျစ်တွင် ကမ္ဘာလှည့်ခရီးသည် ၁၁ ဦး ပြန်ပေးဆွဲခံရ

**ကိုင်ရို စက်တင်ဘာ ၂၂**

အီဂျစ်နိုင်ငံ၏ ချောင်ကျသော တောင်ပိုင်းစွန်းဒေသတွင် အီဂျစ်လူမျိုးလေးဦးနှင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ၁၁ ဦးတို့ကို ပြန်ပေးဆွဲသွားပြီးနောက် နယ်စပ်ကိုဖြတ်ကျော်ကာ ဆူဒန်နိုင်ငံအတွင်း ခေါ်ဆောင်သွားကြောင်း အီဂျစ်အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားသည်။

ထိုကမ္ဘာလှည့်ခရီးသည်များသည် စက်တင်ဘာ ၁၉ ရက်ကတည်းက ပျောက်ဆုံးနေခြင်း ဖြစ်သည်ဟု ဆိုသည်။ ပြန်ပေးဆွဲခံရသည့် ကမ္ဘာလှည့်ခရီးသည်များတွင် ဂျာမန်လူမျိုး ငါးဦး၊ အီတလီလူမျိုး ငါးဦးနှင့် ရိုမေးနီးယားလူမျိုး တစ်ဦးတို့ ပါဝင်ကြောင်း၊၎င်းတို့သည်လူသူမနေသော ဆူဒန်နယ်စပ်အနီး ကန္တာရဒေသတွင် သွားလာနေစဉ် ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း အီဂျစ် ပြောရေးဆိုခွင့်ရှိသူ မဂ်ဒီရတ်ဒီက ပြောကြားသည်။

အီဂျစ်အမျိုးသားလေးဦးမှာ ဧည့်လမ်းညွှန်နှင့် လုံခြုံရေးအစောင့်များ ဖြစ်မည်ဟု ယုံကြည်ရကြောင်း ပြောကြားသည်။

ဂျာမန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အီတလီနိုင်ငံခြားရေး ဝန်ကြီးဌာနတို့က ၎င်းတို့လူမျိုး ငါးဦးစီ အသီးသီး ပြန်ပေးဆွဲခံရကြောင်း အတည်ပြုပြောကြားသည်။

ပြန်ပေးဆွဲသူများမှာ မည်သူမည်ဝါများဖြစ်သည်ကိုလည်းကောင်း၊ ပြန်ပေးဆွဲရခြင်း၏ ရည်ရွယ်ချက် မည်သို့ရှိသည်ကိုလည်းကောင်း မသိရသေးဟုဆိုသည်။ ***အင်တာနက်။***

**ကမ္ဘာလှည့် ခရီးသည်များ သွားရောက်လေ့ရှိသော အီဂျစ်နိုင်ငံမှ အဘူဆန်ပယ်ပိရမစ် အဝင်ဝကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



## အာဖဂန်နယ်စပ်မှ ဝင်ရောက်လာသည့် ကန်ရဟတ်ယာဉ် ပါကစ္စတန်တပ်ဖွဲ့ ပစ်ခတ်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၂**

ပါကစ္စတန်နိုင်ငံ အစိုးရတပ်ဖွဲ့များနှင့် မျိုးနွယ်စုလက်နက်ကိုင်များသည် တနင်္ဂနွေနေ့က အိမ်နီးချင်းအာဖဂန်နစ္စတန်ဘက်မှ နယ်စပ်ကိုဖြတ်ကျော်၍ ဝင်ရောက်လာသော အမေရိကန်ရဟတ်ယဉ်များကို ပစ်ခတ်ခဲ့ကြောင်း ထောက်လှမ်းရေးအရာရှိများက တနင်္လာနေ့တွင် ပြောကြားသည်။

ရဟတ်ယာဉ်က ပြန်လည်ပစ်ခတ်ခြင်းမပြုဘဲ အာဖဂန်နစ္စတန်လေကြောင်းပိုင်နက်အတွင်းသို့ ပြန်လည်ဝင်ရောက်သွားသည်ဟု ၎င်းအရာရှိများက ဆက်လက်ပြောကြားသည်။ အစ္စလာမ္မာဘတ်နှင့်ဝါရှင်တန်အကြား ဆက်ဆံရေးတင်းမာလာစေသော ထိုကျူးကျော်ဝင်ရောက်မှုကို ပါကစ္စတန်စစ်ဘက်နှင့် ပါကစ္စတန်ရှိ အမေရိကန်စစ်ဘက်တို့က ထိုသတင်းကိုမရရှိကြောင်းပြောကြားသည်။ ***အင်တာနက်။***

## ပါကစ္စတန်တွင် အာဖဂန်သံတမန် ပြန်ပေးဆွဲခံရ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၂**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ပက်ရှဝါမြို့တွင် တနင်္လာနေ့က အမည်မသိ သေနတ်သမားများက အာဖဂန်သံတမန်၏ ယာဉ်မောင်းကို ပစ်သတ်၍ သံတမန်အား ပြန်ပေးဆွဲသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းကောင်စစ်ဝန်သည်ရုံးမှနေအိမ်သို့ပြန်လာစဉ်၎င်း၏ကားကို သေနတ်သမားများကပစ်ခတ်ခဲ့ရာယာဉ်မောင်းမှာ အခင်းဖြစ်သည့် နေရာမှာပင် သေဆုံးပြီး သံတမန်မှာ သေနတ်သမားများ၏ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ရသည်ဟု ကောင်စစ်ဝန်ရုံးမှ အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားသည်။

ကောင်စစ်ဝန် အဗ္ဗဒူလ်ခါလစ်ဖာရာဟီသည် တာလီဘန်များ ကျဆုံးသော ၂၀၀၁ခုနှစ်ကတည်းကပက်ရှဝါတွင် တာဝန်ထမ်းဆောင်လျက်ရှိသူဖြစ်သည်။

မျက်မြင်တွေ့ရှိသူတစ်ဦးကပြန်ပေးဆွဲခံရသူမှာ နှစ်ယောက်ဖြစ်သည်ဟု ရိုက်တာသတင်းထောက် တစ်ဦးကို ပြောပြခဲ့သည်။ ***အင်တာနက်။***



**နယူးယောက်မြို့ဥယျာဉ်အတွင်း အမြင့်တစ်နေရာမှ ဇောက်ထိုးဆွဲ၍ နာရီ ၆၀ ကြာ စတန့်ထွင်စွန့်စားပြနေသော မျက်လှည့်ပညာရှင် ဒေးဗစ်ဘလိန်းကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## လက်တင်အမေရိက -အာရှ စီးပွားရေးဖိုရမ် စင်ကာပူ၌ ကျင်းပ

**စင်ကာပူ စက်တင်ဘာ ၂၂**

လက်တင်အမေရိက -အာရှစီးပွားရေးဖိုရမ်အစည်းအဝေးကို တနင်္လာနေ့တွင်စင်ကာပူနိုင်ငံ၌ စတင်ကျင်းပရာ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၄၀၀ ခန့် တက်ရောက်ကြပြီး ဒေသနှစ်ခု၏စီးပွားရေးအခွင့်အလမ်းများကို နှီးနှောရှာဖွေကြသည်။

မကြာသေးမီ နှစ်များအတွင်း လက်တင် အမေရိကဒေသနှင့် အာရှဒေသ၏ စီးပွားရေးနှင့် နိုင်ငံရေး ဆက်ဆံမှုများ ပိုမိုဖွံ့ဖြိုးလာခဲ့ပြီး ဒေသနှစ်ခု၏ ကုန်သွယ်ရေးပမာဏလည်း မြင့်တက်လာခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် လက်တင်အမေရိကဒေသနှင့် အာရှဒေသ၏ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၆၇ ဒသမ ၃ ဘီလီယံအထိရှိလာရာ ၂၀၀၆ ခုနှစ်ကထက် ကုန်သွယ်မှုပမာဏ ၂၄ ရာခိုင်နှုန်း တိုးမြင့်လာသည်။

ထို့အပြင် လက်တင်အမေရိကဒေသနှင့် အရှေ့တောင်အာရှဒေသ ကုန်သွယ်ရေးကို ကြည့်လျှင်လည်း ၂၀၀၇ခုနှစ် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၈ ဘီလီယံရှိရာ ၂၀၀၆ ခုနှစ်ကထက် ၈ရာခိုင်နှုန်း ပိုမိုများပြားလာသည်။

လက်တင်အမေရိကဒေသ၏သဘာဝအရင်းအမြစ်ကြွယ်ဝမှုနှင့်အာရှဒေသတို့၏ထုတ်လုပ်ရေးကဏ္ဍများပူးပေါင်းနိုင်လျှင် အနာဂတ်တွင် စီးပွားရေးနယ်ပယ်အများအပြား၌ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခွင့်အလမ်းများ ရှိနေသည်ဟု စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးက အစည်းအဝေးတွင် ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အာဖဂန်အလုပ်သမား ၁၅၀ ကျော်အား တာလီဘန်များ ဖမ်းဆီး

**ဟီရတ်(အာဖဂန်နစ္စတန်) စက်တင်ဘာ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ဘတ်စ်ကားဖြင့် ခရီးသွားလျက်ရှိသော အလုပ်သမား ၁၅၀ကျော်ကို တာလီဘန်များဟု ယူဆရသော စစ်သွေးကြွများက ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း အာဖဂန်အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားသည်။

အလုပ်သမား ၁၅၆ဦး ဘတ်စ်ကားများဖြင့် ခရီးသွားစဉ် တာလီဘန်တို့က ဖမ်းသွားခြင်းဖြစ်ပြီး ယခုချိန်ထိ ဖမ်းဆီးထားဆဲ ရှိသည်ဟု ဖာရပ်ပြည်နယ်မှ ကြည်းတပ် ဗိုလ်မှူးကြီးတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

၎င်းအလုပ်သမားများမှာ အာဖဂန်နစ္စတန်ကြည်းတပ်အတွက် အဆောက်အအုံများဆောက်လုပ်ရန် ကန်ထရိုက်ရထားသော ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ ဖြစ်ကြသည်ဟု ထပ်မံပြောကြားသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူး ရိုအူလ်အမင်းက အဆိုပါ ဖမ်းဆီးခြင်းသတင်းကို အတည်ပြု ပြောကြားသည်။ ***အင်တာနက်။***






**အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်တစ်နေရာရှိ တာလီဘန် အစွန်းရောက် တိုက်ခိုက်ရေးသမားအချို့ကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၂၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စက်တင်ဘာ ၂၂ရက်က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ကင်းလှည့်နေစဉ် တိုက်ခိုက်မှုခံရသဖြင့် သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

တနင်္ဂနွေနေ့ နံနက် ၁၁ နာရီခန့်တွင် ကင်းလှည့်နေစဉ် လက်နက်ငယ်များဖြင့်ပစ်ခတ်ခြင်းခံခဲ့ရကြောင်း စစ်ဘက်မှ ကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံးသွားသော တပ်ဖွဲ့ဝင်၏ အမည်ကိုကြေညာချက်တွင် ဖော်ပြမထားပေ။ ***အင်တာနက်။***

## ဗီယက်နမ်တွင် ယာဉ်တိုက်မှုဖြစ်ပွား ၁၅ဦး သေဆုံး

**ဟန္နိုင်း စက်တင်ဘာ ၂၂**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ငူအန်ပြည်နယ်တွင် စက်တင်ဘာ ၂၁ ရက် နံနက် ၄နာရီခန့်က ဘတ်စ်ကားနှင့် ထရပ်ကားတို့ တိုက်မိရာ ဘတ်စ်ကား ခရီးသည် ၁၅ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

မတော်တဆမှု ဖြစ်ပွားချိန်တွင် ယာဉ်နှစ်စီးစလုံးမှာအဝေးပြေးလမ်းမ အမှတ်(၁)ပေါ်တွင် မောင်းနှင်နေကြချိန်ဖြစ်သည်။ ဘတ်စ်ကားမှာ တောင်မှ မြောက်သို့ ဦးတည်မောင်းနှင်လာပြီး ထရပ်ကားမှာ ဆန့်ကျင်ဘက်မှ မောင်းနှင်လာခြင်း ဖြစ်သည်ဟု ယာဉ်စည်းကမ်း ထိန်းသိမ်းရေး အရာရှိ ဘိုမင်ဒေါက်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## အီရတ်စစ်ဆေးရေးဂိတ်တွင် အသေခံဗုံးခွဲ ဒါဇင်ပေါင်းများစွာသေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၂၂**

အီရတ်နိုင်ငံမြောက်ပိုင်း ဒီယာလာပြည်နယ်ရှိ အီရတ်စစ်ဆေးရေးဂိတ်တစ်ခုကို အသေခံဗုံးခွဲ တိုက်ခိုက်ရာ အနည်းဆုံးလူ၂၈ဦး သေဆုံးပြီး၄၂ဦး ဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးခွဲသူသည် ဖောက်ခွဲရေးခါးပတ်တစ်ခုကိုဝတ်ဆင်လာပြီးဂျာလောလာမြို့အီရတ်ရဲတပ်ဖွဲ့ဝင် အသစ်များနှင့် စည်ကားနေသောနေရာတွင် အသေခံဖောက်ခွဲလိုက်ခြင်းဖြစ်သည်။

အခြားတိုက်ခိုက်မှု ဖြစ်စဉ်မှာ မြောက်ပိုင်းမြို့တော် တီကရစ်တွင် ဗုံးပေါက်ကွဲရာ အနည်းဆုံး လေးဦးသေဆုံးပြီး ခြောက်ဦးကျော် ဒဏ်ရာရရှိသွားသည်။

ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူများ အလုပ်သွားသည့်အခါ အသုံးပြုသော လမ်းပေါ်ရှိ ကားရပ်နားရန် နေရာတွင်ဗုံးထောင်ထားခြင်းဖြစ်သည်ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***



**အီရတ်နိုင်ငံ တီကရစ်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသွားသော နေရာကို စက်တင်ဘာ ၂၁ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဂွါတီမာလာတွင် ရေကြီး၍ လူ ၉၀၀ အိုးမဲ့အိမ်မဲ့ဖြစ်

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၂**

ဂွါတီမာလာနိုင်ငံအရှေ့တောင်ပိုင်းကမ်းခြေဒေသတွင် ရေကြီးသဖြင့် အနည်းဆုံးပြည်သူ ၉၀၀ အိုးအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း အာဏာပိုင်များက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

နိုင်ငံတောင်ပိုင်းရှိ စန်တာရိုစာပြည်နယ်တွင်မိုးသည်းထန်စွာရွာသွန်းသည့်အတွက် အန္တရာယ်ရှိလာသဖြင့် အာဏာပိုင်များသည် မိသားစု ၁၈၀ ကို ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ခိုနားစရာနေရာ၊ ရေနှင့်ရိက္ခာတို့ကို ထောက်ပံ့ပေးထားရကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## မက္ကဆီကို ကမ်းလွန်တွင် ကိုကင်း ၃ဒသမ၃တန် ဖမ်းမိ

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၂**

မက္ကဆီကိုနိုင်ငံအရှေ့တောင်ဒေသ ချီရာပါပြည်နယ် ကမ်းလွန်တွင် သွားလာနေသော ပုစွန်ဖမ်းသင်္ဘောပေါ်မှ ကိုကင်းမူးယစ်ဆေးဝါး၃ဒသမ ၃တန်ကို ဖမ်းဆီးရမိကြောင်း မက္ကဆီကိုရေတပ်က ပြောကြားသည်။

ရေတပ်က ဗုဒ္ဓဟူးနေ့တွင် ပုံမှန်စစ်ဆေးမှုများ ပြုလုပ်စဉ် ရေကန်အတွင်း အထုပ်ငယ်ပေါင်း ၁၅၅ထုပ်ဖြင့် ဝှက်၍သယ်ဆောင်လာသော ကိုကင်းများကို တွေ့ရှိရခြင်းဖြစ်သည်။

သင်္ဘောပေါ်တွင်လိုက်ပါလာသော သင်္ဘောသားခြောက်ဦးကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ဖမ်းဆီးထားသည်။ ဇူလိုင်လအတွင်းကလည်း အိုဆာကာပြည်နယ်တောင်ပိုင်းကမ်းလွန်ရေပြင်တွင် ကိုကင်း ၅ဒသမ ၈ တန်ကို သယ်ဆောင်လာသည့် မှောင်ခို ရေငုပ်သင်္ဘောတစ်စင်းကို မက္ကစီကိုရေတပ်က ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းကဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# နိုးနေတာကို ဝေးအောင်မလုပ်ကြပါနဲ့

ကိုသာယာ

ကိုင်း-ဘယ့်နှယ်ရှိစ။ သတင်းစာရှင်းလင်းပွဲကို တီဗွီကကြည့်၊ သတင်းစာမှာ ဖတ်ရတော့မှ ဇာတ်လမ်းစုံက ရှင်းတော့တာကိုး၊ တီဗွီမှာ အဲဒီညက ကြည့်လိုက်ရတုန်းကတော့ သဲသဲကွဲကွဲ ပြည့်ပြည့်စုံစုံ မသိလိုက်ဘူး။ နောက်တစ်နေ့မနက် သတင်းစာကျတော့မှ ပုံတွေ၊ ဇယားတွေနဲ့ ရှင်းလင်းပြောကြားချက်၊ မေးမြန်းဖြေကြားချက်တွေနဲ့ဆိုတော့ ပိုပြီးတိတိကျကျ ရှင်းရှင်းလင်းလင်း သိရတော့တာပါပဲ။ NLD အဖွဲ့ဝင်တွေဟာ ပြည်တွင်းဖောက်ခွဲဖျက်ဆီးမှုတွေမှာ ပါဝင်ပတ်သက်နေပါလား။ သြော်-ဒုက္ခ ဒုက္ခ၊ လုပ်စရာရှားလို့ အများပြည်သူလူထု ထိခိုက်ဒဏ်ရာရ၊ ဒုက္ခရောက်အောင် လုပ်ရတယ်လို့များ။ ကျွန်တော်ဖြင့် ယုံတောင်မယုံချင်ဘူး။ ဒါပေမယ့် အထောက်အထားနဲ့၊ အချက်အလက်နဲ့၊ ကိန်းဂဏန်း တွေနဲ့ ခိုင်ခိုင်မာမာ ပြသွားတာဆိုတော့ မယုံလို့မရဘူးလေ၊ မှန်နေတာကိုး။

ပြည်တွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးတွေလုပ်ဖို့ နယ်စပ်မှာ သင်တန်းတက်ဖို့စီစဉ်စုဆောင်း စေလွှတ်ပေးနေသူတွေကလည်း NLD၊ သင်တန်းများတက်ပြီး ပြန်ရောက်တော့ ဖောက်ခွဲဖျက်ဆီးရေးကို တကယ်လက်တွေ့ လုပ်တဲ့သူတွေကလည်း NLD အဖွဲ့ဝင်တွေပါလား။ လက်ရဖမ်းဆီးဖော်ထုတ်နိုင်လို့သာပေါ့။ အဲဒီလိုသာ မဟုတ်ရင် ဘယ်လောက်များ ပြည်သူလူထုကို ဆက်ပြီးဒုက္ခပေးဦးမှာလဲ မသိဘူး။ ရထားလိုက်တဲ့ ထောက်ပံ့ငွေတွေ၊ လျာထားဆုချမယ့်ငွေကြေးတွေ ဆက်လက်ဖောက်ခွဲဖျက်ဆီး အကြမ်းဖက်မယ့် အစီအစဉ်တွေကလည်း တွေးကြည့်ရုံနဲ့တောင် ကြောက်စရာကောင်းလှပါဘိ။ ယုတ်မာရက်စက်လိုက်ကြတာ လူမဆန်တဲ့အတွေးတွေနဲ့ပါလား။ ဒါနိုင်ငံရေးလားဗျာ၊ ဖောက်ခွဲဖျက်ဆီး အကြမ်းဖက်မှုနဲ့ ဖြေရှင်းတာ မှန်ကန်တဲ့နည်းလမ်းလားဗျာ။

ဟုတ်မယ်ဗျာ၊ NLD ကလည်း သူတို့က မြန်မာနိုင်ငံမှာ ဒီမိုကရေစီထွန်းကားဖို့နဲ့ ပြည်သူလူထုတွေ ကောင်းစားရေးအတွက် လုပ်နေတယ်လို့ ပါးစပ်က ပြောနေပေမယ့် တကယ်လုပ်တော့ တခြားစီဆိုတာမျိုးတွေပဲ တွေ့ခဲ့ရတယ်။ နိုင်ငံတော်အတွက်ရော၊ ပြည်သူလူထုအတွက်ရော အကျိုးရှိအောင် ဘာမှလုပ်ပေးနိုင်ခဲ့တာ မတွေ့သေးဘူး။ အပြောတခြား အလုပ်တခြားတွေကိုပဲ တွေ့နေရတယ်။

နိုင်ငံတော်အစိုးရက မလွှဲမရှောင်သာ နိုင်ငံတော်တာဝန်ကိုယူပြီးတဲ့နောက် ပြည်သူတွေရဲ့ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းဖို့ စီစဉ်ဆောင်ရွက်ခဲ့တယ်။ ဒီမိုကရေစီအတွက် လိုအပ်တဲ့ အခြေခံတွေဖြစ်တဲ့ နိုင်ငံတော် လုံခြုံရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်စီးပွားရေးစနစ်စတဲ့ လိုအပ်ချက်တွေကို စနစ်တကျ အစီအစဉ်နဲ့ လုပ်ပေးခဲ့တယ်လေ။ ခုတော့ လိုအပ်တဲ့ အခြေခံ အဆောက်အအုံတွေ ပြည့်စုံသလောက်ရှိနေပြီ။ တစ်ဖက်ကလည်း နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ပါတီစုံဒီမိုကရေစီကို သွားဖို့ ဆောင်ရွက်ခဲ့တယ်။ ဒါဟာ လုပ်သင့်လုပ်ထိုက်တာကိုအခြေခံကစပြီးစနစ်တကျ ခိုင်မာအောင်လုပ်ခဲ့တာ၊အစကောင်းမှ အနှောင်းသေချာ ဆိုသလိုပေါ့ဗျာ။ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နှေးရမယ်။ ပွဲပြီး မီးသေ ဖြစ်ကတတ်ဆန်းလုပ်လို့ ရတာမျိုးမှ မဟုတ်တာ။ အချိန်တော့ ယူရတာပေါ့။ ဒါပေမယ့် ယူသင့်ယူထိုက်တဲ့ အချိန်တွေကြာနေရတာကလည်း နိုင်ငံတော်ဘက်က အပြစ်မဟုတ်ဘူး။ အဲဒီဆန့်ကျင်ဘက် အဖွဲ့အစည်းတွေ ကမောက်ကမ ကဖျက်ယဖျက်လုပ်ရပ်တွေကြောင့် မကြာသင့်ဘဲ ကြာခဲ့ရတာ။ ကဲဗျာ- NLD လုပ်ပုံမဟုတ်လို့ ၁၉၉၃ ကစခဲ့တဲ့ အမျိုးသားညီလာခံကြီး ၁၉၉၆ ခုနှစ်မှာ ရပ်ဆိုင်းခဲ့ရတယ် မဟုတ်လား။

ဒါဟာ ချမှတ်ထားတဲ့ လမ်းစဉ်အတိုင်း၊ အရှိန်အဟုန်အတိုင်း သွားနေတဲ့ ဒီမိုကရေစီခရီးစဉ်ကို ကြန့်ကြာအောင်၊ ရပ်တန့်အောင် လုပ်နေတာပဲ။ နိုင်ငံတော်အစိုးရက သူတို့အပါအဝင်အားလုံး ပါတီ အဖွဲ့အစည်းတွေနဲ့ ညှိပြီးမှ သဘောတူလို့ လုပ်ခဲ့တဲ့ မဖြစ်မနေ ပြီးအောင် လုပ်ရမဲ့ခရီး၊ တစ်ဝက်တစ်ပျက်ကျမှ အဆင်မပြေ ပျက်စီးသွားအောင် ဖျက်ဆီးခဲ့တာပဲ။ မဖြစ်သင့် မဖြစ်ထိုက်တဲ့ တောင်းဆိုချက်တွေနဲ့ ညီလာခံကိုယ်စားလှယ်အားလုံးကို ကျောခိုင်းစွန့်ခွာပြီး သူတို့သဘောနဲ့သူတို့ ညီလာခံက ထွက်သွားကြတာ ဘယ်လောက်ကြာခဲ့သလဲ တွက်ကြည့်ပါဗျာ။ ပြည်သူလူထုရော။ နိုင်ငံပါ ဘယ်လောက်နစ်နာသလဲ။ မကြာသင့်ဘဲနဲ့ အချိန်တွေကြာတာပေါ့။ အဲဒါ သူတို့မဟုတ်လို့။ ပြည်သူ့ဆန္ဒနဲ့အညီ ကောင်းရာ ကောင်းကျိုးလုပ်တာကို ဖျက်တာပြောပါတယ်။ ပြည်သူလူထု လိုလားချက်ကို မျက်ကွယ်ပြုပြီး သူတို့အကျိုးကိုသာ ကြည့်လုပ်ခဲ့လို့ဆိုရင် မမှားပါဘူး။

အမျိုးသားညီလာခံကြီးကို ဆက်မလုပ်ဖြစ်အောင်ဖျက်တာ မရတော့ ဖြစ်ပေါ်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုအတည်မပြုနိုင်အောင် ကြိုးစားပြန်ရော။ ပြည်သူလူထုက ထင်ယောင်ထင်မှား ဇဝေဇဝါဖြစ်အောင် ကလေးကလားတိုက်ကွက်တွေနဲ့ မဲမပေးကြနဲ့။ မဲပေးရင်လည်း ကန့်ကွက်မဲပေးကြတဲ့။ Vote No, No-Vote တဲ့ဗျာ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဟာ ဒီမိုကရေစီမကျဘူး။ သူတို့စိတ်ကြိုက်လူတွေနဲ့ ပုံဖော်ရေးဆွဲ ထားတာ။ သူတို့သက်တမ်းရှည်အောင်လုပ်တာစသဖြင့် မဟုတ်မဟတ် စွပ်စွဲချက်တွေနဲ့ဗျာ။ ဘယ်လိုလဲ၊ အထိန်းအကွပ်မရှိ လုပ်ချင်သလို လုပ်လို့ ရမယ့် ဒီမိုကရေစီကို ဖော်ဆောင်နေတာမဟုတ်ဘူး။ ရေရှည်တည်တံ့ ခိုင်မြဲမယ့် စည်းကမ်းရှိတဲ့ ဒီမိုကရေစီကို ဖော်ဆောင်နေတာ။ အဲဒီနေရာ မှာ နိုင်ငံနဲ့ တိုင်းရင်းသားလူမျိုးတွေအတွက် လိုအပ်တဲ့၊ ထိုက်သင့်တဲ့၊ ပေးသင့်ပေးထိုက်တဲ့ အခွင့်အရေးတွေပေးပြီး နိုင်ငံတော် ဒုက္ခရောက်စေမယ့် မလိုအပ်တဲ့ ဆိုးကျိုးဖြစ်လာမှာတွေကို ကာကွယ်ပေးမယ့် ဥပဒေမျိုး မရှိမဖြစ်လိုတယ်။ ဒီနေ့ အတည်ပြုပြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကဒါပဲ။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ အကိုက်ညီဆုံးပဲ၊ အသင့် တော်ဆုံးပဲ။ထိန်းသင့်တာတော့ အချိန်အတိုင်းအတာတစ်ခုအထိ ထိန်းရ မှာပေါ့။ ထိန်းညှိထားရမယ်လေဗျာ။ ရော့-အင့် ဒီမိုကရေစီဆိုပြီး မျက်နှာလွှဲခဲပစ် ပေးလို့ရတာမျိုးမှမဟုတ်တာ။ အဘက်ဘက်က သင့်တော် ကိုက်ညီ ခိုင်မာပြည့်စုံတဲ့ အခြေခံဥပဒေဟာ နိုင်ငံတော်ရှေ့ဆက်ရမယ့် ခရီးအတွက် အသက်ခန္ဓာပဲ၊ လမ်းညွှန်ပဲ။ ဒါကို ပျက်အောင်လုပ်ဖို့ အကြောင်းမရှိဘူး။ သူတို့ဘာလို့ပျက်အောင်လုပ်တာလဲ။ ရှည်ရှည်ဝေးဝေးပြောရင် ကြာတယ်။ လိုရင်းပြောရရင် သူတို့စိတ်ကြိုက်အစိုးရဖွဲ့လို့မရလို့။ သူတို့လိုချင်တဲ့ တိုင်းပြည်ကို ရောင်းစားလို့ရမယ့် အခွင့်အရေးမျိုးတွေမရလို့။ သူတို့ အားကိုးနေတဲ့ ပြည်ပနိုင်ငံကြီးတွေ သဘောကျ ရုပ်သေးအစိုးရ ဖြစ်မလာနိုင်တော့မှာမို့။ နိုင်ငံဟာ ဆက်ပြီး စုစုစည်းစည်းနဲ့ ညီညီညွတ်ညွတ် တည်တံ့ ခိုင်မြဲသွားမှာမို့ သူတို့က ဒီဥပဒေကို အတည်မပြုချင်တာဘဲ။ သူတို့ရဲ့ကိုယ်ပိုင်အတွေးအခေါ် အယူအဆနဲ့ လုပ်နေကြတာမှ ဟုတ်ရဲ့လားလို့ သံသယဝင်မိတယ်။ မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲ ဆိုတော့ ပြည်ပက လူတွေကလည်း သူတို့ဆီမှာ အဝင်အထွက်ကများမှ များကိုး။ ကားကြီးတွေနဲ့လာ၊ အထုပ်ကြီးတွေ၊ စာအိတ်ကြီးတွေ ပိုက်ပိုက်ပြီး ဝင်ထွက်သွားလာနေတာ မမြင်ချင်မှအဆုံး မဟုတ်လား။

**ကဲ-အခုအဲဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံးက မဲဆန္ဒနဲ့အတည်ပြုပြီးပြီ။ပြည်သူလူထုက နားလည်သဘောပေါက်တယ်။ အလိုအပ်ဆုံး၊ အသင့်တော်ဆုံး၊ တိုင်းပြည်အတွက် အန္တရာယ်အကင်းဆုံး ဥပဒေဆိုတာလက်ခံတယ်။ ဒီဥပဒေနဲ့ နိုင်ငံကို ဒီမိုကရေစီ စနစ်ဖော်ဆောင်နိုင်မယ်ဆိုတာ ယုံကြည်တယ်။ ဒါကြောင့် ထောက်ခံတယ်။ ခုသူတို့က အသိအမှတ် မပြုဘူးလုပ်တယ်။ ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံဘူးလုပ်တယ်။ ဒါပြည်သူလူထုရဲ့ ဆန္ဒသဘောထားကို ဆန့်ကျင်တာပဲ။ အလေးမထားပစ်ပယ်လျစ်လျူရှုတာပဲ။ အများဆန္ဒနဲ့ အညီလေဗျာ။ဒီမိုကရေစီဆို။ဘာအပြောတခြားအလုပ်တခြားလုပ်တာလဲ။ ဒါပြည်သူ လူထုက နိုင်ငံတော် အစိုးရကိုဒီနည်းလမ်းမှန်ပါတယ်။ သဘောတူတယ်။ ထောက်ခံတယ်။ ဒါအလုပ်သင့်ဆုံးလမ်းစဉ်ပါ။ ဒီအတိုင်းသာ ဆက်လုပ်ပါ။ တာဝန်ယူဆက်လက်ဆောင်ရွက်ပါတော့လို့ Mandate ပေးတာဗျ။ ပြည်သူလူထုရဲ့ Mandate နဲ့ ဆန္ဒသဘောထားကိုစော်ကားတာပဲလေ။**

ပြီးတော့ ၉၀ပြည့်နှစ် ရွေးကောက်ပွဲကိုပဲ ထပ်ခါထပ်ခါ အော်နေတုန်းပဲ။ စဉ်းစားကြည့်ပါဦး။ ခုအဲဒီရွေးချယ်တင်မြှောက်ခံထားရပါတယ်ဆိုတဲ့ ကိုယ်စားလှယ်အရေအတွက် ဘယ်လောက်များကျန်သေးလို့လဲ။ ပြစ်မှုကျူးလွန်လို့ ထောင်ကျသွားသူတွေ၊ နုတ်ထွက်သွားသူတွေ၊ မိမိပါတီကို ယုံကြည်မှုမရှိတော့လို့ တစ်သီးပုဂ္ဂလကို ပြောင်းသွားသူတွေ၊ ပြည်ပနဲ့နယ်စပ်ကိုထွက်ပြေးတိမ်းရှောင်သွားသူတွေ၊ ကွယ်လွန်သွားသူတွေ၊ ထုတ်ပယ်ခံရသူတွေနဲ့ အများကြီးပဲ။ လက်ကျန်ဘာမှမရှိတော့ဘူး။ လွှတ်တော်ခေါ်နိုင်တဲ့ အရေအတွက်ဘယ်လိုမှမရှိတော့ဘူးလေ။ ကာလလည်း ဘယ်လောက်ကြာပြီလဲကြည့်ဦး။ ၁၈နှစ်ကျော်ပြီ။ နိုင်ငံတကာကျင့်သုံးနေတဲ့ ကျင့်စဉ်အရ လွှတ်တော်သက်တမ်းက(၄)နှစ် (၅)နှစ်လောက်ပဲရှိတာ။ သက်တမ်းကုန်ပြီးတာကြာပြီ။ ဒီတော့ ၉၀ပြည့်နှစ်ရလဒ်ပေါင်းကြီးကို ဖက်တွယ်နေတာ ဘာမှအဓိပ္ပာယ်မရှိဘူး။

နိုင်ငံနဲ့တိုင်းရင်းသားပြည်သူအတွက် အဓိပ္ပာယ်မရှိဘူး ပြောတာနော်။ သူတို့အတွက်တော့ အဓိပ္ပာယ်ရှိချင်ရှိမယ်။ သူတို့ဖော်ဆောင်တဲ့ တလွဲဆံပင်ကောင်း အဓိပ္ပာယ်ပေါ့ဗျာ။ ခုပြည်သူလူထုတွေက အတည်ပြုပေးတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရဆိုရင် သူတို့ရဲ့ အနာဂတ်က ပျောက်နေပြီလေ။ ကြားပါတယ်။ အချင်းချင်းထဲမှာလည်း ညီညီညွတ်ညွတ်မရှိ၊ ပြည်သူလူထုကလည်း မထောက်ခံရုံတင်မက အော့ကြောကခပ်လန်လန်၊ လုပ်ပေါက်တွေကလည်း တစ်ခုမှကောင်းတာမရှိ။ ဆက်ပြီးလုပ်စရာကိုင်စရာကလည်း မရှိတော့ဘူးလေ။ လမ်းပျောက်နေပြီ။ လမ်းဆုံးကိုရောက်နေပြီ။ ဒါကြောင့် ဒီရလဒ်ပေါင်း၊ ရက်လွန်ဆေးကြီးကို အမိအရဖက်တွယ်တောင်းဆိုနေကြတာ မဟုတ်လား။ ဒါပေမယ့် သူတို့အားရှိအောင် တစ်ခုတော့ အကြံပြုပြောလိုက်ချင်ပါတယ်။ ခုပြည်သူလူထုကပေးထားတဲ့ Mandate လမ်းကြောင်းအတိုင်း မှန်မှန်ကန်ကန်လိုက်နိုင်ဖို့ကြိုးစားကြည့်စေချင်ပါတယ်။ ဒါဆိုသူတို့ အကျိုးရှိမယ်။ လမ်းတည့်သွားမယ်။ အဲဒီလိုမဟုတ်ရင်တော့ တဖြည်းဖြည်းဝေးဝေးသွားရာကနေ တစ်နေရာကျ ကောက်ကွေ့သွားပြီး ဆန့်ကျင်ဘက် ကန့်လန့်ဖြစ်သွားမယ်။ မဖြစ်စေချင်ပါဘူး။ တကယ်ပြောတာပါ။ သူတို့တစ်တွေလည်း လုပ်နေကိုင်နေကြတာပဲ။ အထိုက်အလျောက်အတွေ့အကြုံလေးတွေရှိတာပဲ။ မှန်တဲ့ဘက်မှာသုံးရင် အကျိုးရှိတာဖြစ်မှာပေါ့ဗျာ။ ကောင်းတာလုပ်ရင်၊ အကျိုးရှိတာလုပ်ရင် နိုင်ငံတော်အတွက် အားပါပဲ။

**ဘာခုမှ တွေ့ဆုံဆွေးနွေးရေးတွေဘာတွေ တောင်းဆိုနေကြတာလဲ။ အဆင့်ကကျော်ခဲ့ပြီ၊ ပြီးခဲ့ပြီ။ တွေ့ဆုံဆွေးနွေးဖို့ အခွင့်အရေးတွေပေးခဲ့ပြီးပြီ။ သူတို့ကိုယ်တိုင်လည်း စိတ်တူကိုယ်တူဝင်ပါခဲ့ကြပြီးပြီ။ ဘာမှမဟုတ်တာတွေအနာလုပ်ပြီးကျောခိုင်းသွားပြီးမှအနံ့တသင်းသင်း၊ အသီးတဝင်းဝင်းဖြစ်မှ အပင်လှဲပစ်ဖို့မလုပ်ကြပါနဲ့။ အဓိပ္ပာယ်မရှိဘူးလေ။ တစ်ဦးတစ်ဖွဲ့တည်းနဲ့ တွေ့ဆုံဆွေးနွေးပြီး ပေါ်လာတဲ့ ရလဒ်တွေ မဟုတ်ဘူး။ ဒါကိုခုမှ တွေ့ဆုံဆွေးနွေးပါရစေဆိုပြီး ဟိုဟာပြင် ဒီဟာပြင်လုပ်လို့မှမရတာ။ ကိုယ်စားလှယ်တွေနဲ့ လုပ်ခဲ့တဲ့ ညီလာခံ၊ ပြည်သူ တစ်ရပ်လုံးက ၉၂ဒသမ၄၈ရာခိုင်နှုန်းနဲ့ ထောက်ခံအတည်ပြုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ။ ဒါတွေကိုတစ်ခုမှ ပြင်လို့၊ ဖြည့်စွက်လို့မရတော့ဘူး။ သဘောက ပြန်ပြီးဆွေးနွေးရုံနဲ့ ပြင်ဆင်ဖြည့်စွက်လို့မရတော့ဘူး။**

ပြောတာပါ။ သူ့ကာလသက်တမ်းကျရင်တော့ သူ့သတ်မှတ်ချက်တွေနဲ့အညီ ပြင်ဆင်ခွင့်ရှိတာပေါ့လေ။ ဒါကလည်း အခြေခံဥပဒေမှာကို အခွင့်အရေး ပေးထားပြီးသားပါ။ ဒါပေမယ့် အခြေခံဥပဒေကို လိုက်နာပြီးမှ လုပ်လို့ရမှာလေ။

**အဲဒီတော့ဗျာ ဒီအချိန်ဟာ အဲဒီလို မဖြစ်နိုင်တာတွေ၊ မဖြစ်သင့်တာတွေ၊ မဆီလျော်တာတွေ တောင်းဆိုပြီး မဟုတ်ကဟုတ်က လုပ်ဖို့ အချိန်မဟုတ်တော့ဘူးဗျ။ ပြည်သူလူထုကပေးပြီးသား Mandate အတိုင်း လုပ်ဖို့တစ်ခုပဲရှိတယ်။ ဒါကို တာဝန်ယူ ဆောင်ရွက်ပေးရတဲ့ နိုင်ငံတော် အစိုးရကလည်း ပြည်သူလူထုပေးတဲ့ Mandate အတိုင်း ဆက်လုပ်သွားမှာပဲ။ ဒါတော့မယုံမရှိနဲ့။ အတိအလင်း ပြောထားပြီးပြီလေ။ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ် ၇ ရပ်အတိုင်း မမှိတ်မသုန် အောင်မြင်အောင် ဆက်လုပ်သွားမယ်၊ ၂၀၁၀ မှာ ရွေးကောက်ပွဲ လုပ်မယ်၊ ဒါတွေကို ဖျက်လိုဖျက်ဆီးလုပ်လာတဲ့ အဖျက်အမှောင့် မှန်သမျှ လက်မခံဘူး၊ ပြည်သူလူထုရဲ့ဆန္ဒနဲ့အညီ ဆက်လက် အကောင်အထည်ဖော်သွားမယ်တဲ့။ ဒီတော့ဘာလုပ်ကြမလဲ။ လုပ်သင့်တာပဲ လုပ်ရမှာပေါ့။ မလုပ်သင့်တာတွေ ရပ်ကြတော့ပေါ့။**

အရင်ကလည်း ကဖျက်ယဖျက်လုပ်လို့ မကြာသင့်ဘဲ ကြာခဲ့ပြီ။ ခုလည်း လုပ်ဖို့ကြံစည် အစပျိုးတာတွေ ရှိနေပြီ။ ဟိုဟာတောင်းဆို၊ ဒီဟာတောင်းဆို၊ ဟိုဟာတိုက်တွန်း၊ ဒီဟာတိုက်တွန်း၊ ဟိုဟာကန့်ကွက်၊ ဒီဟာကန့်ကွက်နဲ့ ပြည်သူလူထုကို ဇဝေဇဝါ ယောင်ယောင်မှားမှား ဖြစ်အောင် လုပ်ရတော့မယ့်အချိန် မဟုတ်တော့ပါ။ ပြည်သူလူထုဆန္ဒနဲ့အညီ ပြည်သူတွေလိုလားတဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် မလုပ်ကြပါနဲ့။ ဆူပူအကြမ်းဖက်မှုနဲ့ ဖောက်ခွဲဖျက်ဆီးမှုတွေကို ရပ်တန်းကရပ်ကြပါ။ အေးအေးဆေးဆေး လုပ်ကိုင် ရောင်းဝယ်ဖောက်ကားနေထိုင်စားသောက်နေကြတဲ့ ပြည်သူလူထုကို အနေအစားပျက်အောင်၊ ဒုက္ခရောက်အောင် သွေးဆောင်ဖြားယောင်း ဖန်တီးလုပ်ဆောင်တာတွေ တော်သင့်ပါပြီ။ ပြည်သူတွေ တောင့်တနေတဲ့ ဒီမိုကရေစီစနစ်ကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ မြန်မြန်ရောက်ဖို့အရေး မဖျက်ဆီး မနှောင့်ယှက်ကြပါနဲ့တော့။ အေးချမ်းတည်ငြိမ်စွာနဲ့ ဒီမိုကရေစီပန်းတိုင်ကို ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ပဲ အတူလက်တွဲ ပါဝင်ဆောင်ရွက်သွားကြရင်ဖြင့် ဤခရီး မဝေးတော့ပါ၊ နီးနေပါပြီ၊ ပန်းတိုင်ကိုလှမ်းမြင်နေရပြီ။ မှုန်ပျပျမဟုတ်ဘူးနော်။ ထင်ထင်ရှားရှား ကွက်ကွက်ကွင်းကွင်းကို မြင်နေရတာ။ ဒါကိုတော့ အလှမ်းဝေးအောင် မလုပ်ကြပါနဲ့တော့လို့။ ။

ဘာခုမှ တွေ့ဆုံဆွေးနွေးရေးတွေ ဘာတွေ တောင်းဆိုနေကြတာလဲ။ အဆင့်ကကျော်ခဲ့ပြီ၊ ပြီးခဲ့ပြီ။ တွေ့ဆုံဆွေးနွေးဖို့ အခွင့်အရေးတွေပေးခဲ့ပြီးပြီ။ သူတို့ကိုယ်တိုင်လည်း စိတ်တူကိုယ်တူဝင်ပါခဲ့ကြပြီးပြီ။ ဘာမှမဟုတ်တာတွေ အနာလုပ်ပြီး ကျောခိုင်းသွားပြီးမှ အနံ့တသင်းသင်း၊ အသီးတဝင်းဝင်းဖြစ်မှ အပင်လှဲပစ်ဖို့ မလုပ်ကြပါနဲ့။ အဓိပ္ပာယ်မရှိဘူးလေ။ တစ်ဦးတစ်ဖွဲ့တည်းနဲ့ တွေ့ဆုံဆွေးနွေးပြီး ပေါ်လာတဲ့ရလဒ်တွေ မဟုတ်ဘူး။ ဒါကိုခုမှ တွေ့ဆုံဆွေးနွေးပါရစေဆိုပြီး ဟိုဟာပြင် ဒီဟာပြင်လုပ်လို့မှမရတာ။ ကိုယ်စားလှယ်တွေနဲ့ လုပ်ခဲ့တဲ့ညီလာခံ၊ ပြည်သူတစ်ရပ်လုံးက ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းနဲ့ ထောက်ခံအတည်ပြုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ။ ဒါတွေကိုတစ်ခုမှပြင်လို့ ဖြည့်စွက်လို့မရတော့ဘူး။ သဘောကပြန်ပြီး ဆွေးနွေးရုံနဲ့ ပြင်ဆင်ဖြည့်စွက်လို့မရတော့ဘူး။

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန်   စက်တင်ဘာ   ၂၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်သုံးတိုက်နှင့် ပန်းဘဲတန်းမြို့နယ် သနန္တနပဟိန္ဒူအဖွဲ့ချုပ်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့အတွင်းရှိ နားမကြားသော ကလေးများကျောင်းနှင့် မျက်မမြင်ကျောင်းများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆန်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတို့ကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်နှင့် ဒဂုံမြို့နယ်ရှိ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းတို့၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်သည်။

ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်သုံးတိုက်နှင့် သနန္တနပဟိန္ဒူအဖွဲ့ချုပ်တို့သို့ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော်အိတ် ၈၀ နှင့် သုံးပြည်၊ ဆီပိဿာ ၂၈၀ နှင့် ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆား ပိဿာ ၃၃၀၊ တိုင်းရင်းဆေးမျိုးစုံ ၉၀၇ ဘူးနှင့် ၆၂၄ ထုပ်၊ လေဆာသွားတိုက်ဆေးဘူး ၄၄၂ ဘူး၊ ဂေါ်ဇီလာခြင်နိုင်ဆေးခွေဘူး ၃၂၀၊ ပဲ ၂၁ အိတ်၊ သွားတိုက်ဆားဘူး ၆၁ ဘူး၊ အာဟာရနို့မှုန့် ၃၆ ဘူး၊ အသားတု ၁၀ အိတ်၊ ဂျုံတစ်အိတ်၊ ကြံသကာ ၁၅ ပိဿာ၊ ကြက်သွန်နီပိဿာ ၂၀၊ ဘုတ်ဆုံမ ဇရုတ်သီးမှုန့်အထုပ် ၅၀၀ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ၇၃၃၉၅၅၅ ကျပ်တို့ဖြစ်သည်။

ဒဂုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့အတွင်းရှိ နားမကြားသော ကလေးများကျောင်းနှင့် မျက်မမြင်ကျောင်းများသို့ လှူဒါန်းမှုအစုစုမှာ ဆန် ၁၁၁ အိတ်နှင့် ခြောက်ပြည်၊ ဆီ ၇၂ ပိဿာနှင့် ၆၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၆၂၆ ပိဿာ၊ သွားတိုက်ဆားဘူး ၁၂၅ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၁၄၄၉ ဘူး၊ ပဲ ၁၂၅ ပိဿာ ၂၀ ကျပ်သား၊ ဘုတ်ဆုံမငရုတ်သီးမှုန့်အထုပ် ၅၀၀၊ လေဆာသွားတိုက်ဆေးဘူး ၄၄၅ဘူး၊ ဂေါ်ဇီလာခြင်နိုင်ဆေးဘူး ၃၂၀ နှင့် ဆပ်ပြာအတောင့် ၁၀၀၊ ငွေပဒေသာပင် စုစုပေါင်း ကျပ် ၄၇၆၁၀၀၀ တို့ဖြစ်သည်။ (သတင်းစဉ်)

# စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနနှင့် စာပေလောကသားများအကြား အပြန်အလှန်နားလည်ယုံကြည်မှုမြင့်မားလာရေး ရင်းနှီးနွေးထွေးသောဆက်ဆံရေးနှင့် လုပ်ငန်းအပေါ်လေးစားမှုကို ဆက်လက်တည်ဆောက်

ရန်ကုန်   စက်တင်ဘာ   ၂၃

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန အစည်းအဝေးခန်းမ၌ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။**

အဆိုပါ တွေ့ဆုံပွဲသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲတင့်၊ တာဝန်ရှိသူများနှင့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆွေက စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ပြောင်းလဲကျင့်သုံးခဲ့သော ဆောင်ရွက်ချက်များ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ လုပ်ငန်းများကို ၂၀၀၅ ခုနှစ်မှ စတင်၍ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ရာ သင့်တင့်သော အောင်မြင်မှုများ ရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အားသာချက်ပိုများလာပြီး အားနည်းချက်များ မရှိသလောက် နည်းသွားအောင် သုံးသပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် လာရောက်တွေ့ဆုံ မှာကြားရခြင်းဖြစ်ကြောင်း၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေလောကသားများက အမျိုးသားအကျိုးစီးပွားဘက်မှ ပိုမိုပူးပေါင်း ပါဝင်လာစေရန်အတွက် စာပေစိစစ်ရေး လုပ်ငန်းရည်ရွယ်ချက်(၄)ရပ်နှင့် စာပေစိစစ်ရေးမူ (၂၁)ချက်တို့ဖြင့် ချမှတ်လုပ်ဆောင်လျက်ရှိကြောင်း၊ ရရှိထားသည့် အောင်မြင်မှုများကိုကြည့်လျှင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် စာပေလောကသားများ နှစ်ဦးနှစ်ဖက် ယုံကြည်မှု ပိုမိုရရှိလာကြောင်း၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနနှင့် စာပေလောကသားများအကြား အပြန်အလှန် နားလည်ယုံကြည်မှု မြင့်မားလာရေးအတွက် ရင်းနှီးနွေးထွေးသော ဆက်ဆံရေးနှင့်လုပ်ငန်းအပေါ် အပြန်အလှန်လေးစားမှုကို ဆက်လက်တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ မှန်ကန်သော ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်နေရမှုများကို စာပေလောကသားများ ပိုမိုသိရှိ နားလည်လာသည်နှင့်အမျှ ၎င်းတို့အနေဖြင့် အမျိုးသားအကျိုးစီးပွားဘက်မှ အစဉ်ရပ်တည်လျက် ပိုမိုပူးပေါင်း ဆောင်ရွက်လာမည်ဖြစ်ကြောင်း၊ ထိုအခါ နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ်အပြည့်အဝ အောင်မြင်ရေး၌ စာပေနှင့် မီဒီယာကဏ္ဍမှ ထိရောက်စွာ ပံ့ပိုးနိုင်မှာဖြစ်ကြောင်း၊ မီးဘေးလုံခြုံရေးနှင့် အဖျက်အမှောင့်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဝန်ထမ်းအားလုံးက လုံခြုံရေးသတိ၊ လုံခြုံရေးအသိဖြင့် အစဉ်သတိပြု ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် အကျယ်တဝင့် မှာကြားသည်။





တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

## အမှာစကားပြောကြား

**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော်   စက်တင်ဘာ   ၂၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် Singapore Association of Myanmar (SAM) မှ ငွေကျပ် လေးသန်းခွဲကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Robert Chua Hian Kong၊ SAM အဖွဲ့ဥက္ကဋ္ဌ Mr. Teddy Choo နှင့် အဖွဲ့တို့က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးချုပ်သို့ လာရောက်လှူဒါန်းကြသည်။

**ပြန်လည်ပေးအပ်**

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် SAM အဖွဲ့ဥက္ကဋ္ဌတို့က အလှူငွေ လေးသန်းခွဲကို ပေးအပ်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်တို့ကို ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် Singapore Association of Myanmar (SAM) မှ လှူဒါန်းသော ငွေကျပ် လေးသန်းခွဲကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Robert Chua Hian Kong နှင့် SAM အဖွဲ့ဥက္ကဋ္ဌ Mr. Teddy Choo တို့က ပေးအပ်ကြစဉ်။** (သတင်းစဉ်)



# စီးပွားရေးတက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများ (၁၉၆၆-၁၉၇၀) အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံပွဲ ကျင်းပမည်

**ရန်ကုန်   စက်တင်ဘာ   ၂၃**

၁၉၆၆-၁၉၇၀ စာသင်နှစ် ကျောင်းသူ၊ ကျောင်းသားများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဒီဇင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့)တွင် ကန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

၁၉၆၆-၁၉၇၀ စာသင်နှစ်အတွင်း တွေ့ဆုံခဲ့ကြသည့် သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ကြပြီး အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိန်ဝင်း ဖုန်း-၀၉၅၀ ၃၇၉၆၂၊ ၇၂၁၅၇၀၊ ဦးတင်ထွန်း ဖုန်း-၀၉၅၁ ၁၃၁၉၅၊ ၂၉၄၉၁၈၊ ဒေါ်ညိုမီကြည် ဖုန်း-၀၉ ၅၀ ၀၃၀၉၂၊ ၅၈၀၂၅၈၊ ဒေါ်ဆွေတင်ဝင်း(မန္တလေးမြို့) ဖုန်း-၀၂ ၃၆၉၀၀ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် လိပ်စာစာအုပ်ထုတ်မည်ဖြစ်၍ လိပ်စာ မပေးရသူများ၊ အပြောင်းအလဲရှိသူများသည် အောက်တိုဘာ ၂၀ ရက် နောက်ဆုံးထား၍ ဦးခိုင်စိန် အခန်း-၄ တိုက်(၁) အနော်ရထာအိမ်ရာ ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉၅၀ ၃၈၀၁၂၊ ၂၉၄၉၁၈ နှင့် ၂၀၃၂၁၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# ကမ္ဘာ့သွားနှင့်ခံတွင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်

**ရန်ကုန်   စက်တင်ဘာ   ၂၃**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ တိုက်ရိုက်မဟုတ်ဘဲ ကမ္ဘာ့ကျန်းမာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နယ်သာလန်အခြေစိုက် သွားနှင့်ခံတွင်း ကျန်းမာရေးဌာနသည် Cool နှင့် 3D အပါအဝင် မြန်မာနိုင်ငံလုပ် သွားတိုက်ဆေး ကုမ္ပဏီခြောက်ခုအား Fluoride လုံလောက်စွာ ပါဝင်သည့် သွားတိုက်ဆေးဖြစ်ကြောင်း အသိအမှတ်ပြုထားပြီးဖြစ်သည်။

အဆိုပါ သွားတိုက်ဆေးထုတ်လုပ်သည့် ကုမ္ပဏီများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်စံညွှန်းများနှင့်အညီ Fluoride ပမာဏ တိတိကျကျ ထည့်သွင်းထုတ်လုပ်ထားသောကြောင့် သွားများကို ဖြူဖွေးသန့်စင်ပြီး သွားရောဂါများကို ကြိုတင်ကာကွယ်နိုင်သော အရည်အသွေးများရှိကြောင်း အသိအမှတ်ပြုသောအားဖြင့် အသိအမှတ်ပြုလက်မှတ်များကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ခန်းမဆောင်၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပသော အခမ်းအနားတွင် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)



စက်တင်ဘာ ၂၃ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးလ်နိုင်ငံ သံအမတ်ကြီး မစ္စတာယာရွန်မေယာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

# နိုင်ငံ၏တိုးတက်ပြောင်းလဲလာမှုအခြေအနေအရပ်ရပ်က တောင်းဆိုလာသည့် လိုအပ်ချက်အသစ်များကို ဖြည့်ဆည်းပေးနိုင်မည့် ပညာရည်မြင့်မားမှု၊ ကျွမ်းကျင်မှု၊ အတတ်ပညာ နည်းပညာ ပြည့်စုံမှုစွမ်းအားများကို ပညာရေးကဏ္ဍက ဖန်တီးဖော်ဆောင်

နေပြည်တော် စက်တင်ဘာ ၂၃

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။






မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၃၂) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ နည်းပြများနှင့် အထက်မြန်မာပြည် အခြေခံပညာကျောင်းများမှ သင်တန်းသားသင်တန်းသူ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည် မြင့်မားရေးတွင် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ ရယူပြီး ပညာရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်နိုင်စေရန်၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရန်နှင့် နိုင်ငံ၏ နယ်မြေအစိတ်အပိုင်း ဒေသများအားလုံးမှာ ပညာသင်ယူနိုင်မှုအခွင့်အလမ်းနှင့် ပညာရေးအရည်အသွေးများ ညီညီညွတ်ညွတ် မျှမျှတတ တိုးပွားလာပြီး မိမိနိုင်ငံသူနိုင်ငံသား ပြည်သူတစ်ရပ်လုံး ပညာရည်မြင့်မားလာစေရန်အတွက် ရည်မှန်းချက် မြင့်မြင့်မားမားထားရှိပြီး ဘက်စုံထောင့်စုံမှာ ဖြန့်ကြက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် မိမိနိုင်ငံ မိမိလူမျိုး၏ အနာဂတ်ဘဝကောင်းကျိုး ဆိုးကျိုးကို ကြိုတင်ပိုင်းဖြတ်ပေးနေတယ်ဆိုသည့် ယုတ္တိသဘောကို လေးလေးနက်နက်သိမြင်ပြီး ပညာရေးကဏ္ဍ၏ လုပ်ငန်းတာဝန်အဝဝကို ကြိုးသည် ငယ်သည်သဘောမထားဘဲ ညီမျှသောဝါယမဖြင့် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို စာပေပညာတတ်ကျွမ်းရုံမျှမက နိုင်ငံဖွံ့ဖြိုးရေးလိုအပ်ချက်များကို ပညာစွမ်းအားဖြင့် ဖြည့်ဆည်းမြှင့်တင်ပေးနိုင်စေမည့် ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ ဉာဏ်ရည်မြင့်မားမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စာရိတ္တခိုင်ကျည်မှု၊ အတတ်ပညာနည်းပညာဆိုင်ရာကျွမ်းကျင်မှု စွမ်းအားကောင်းတွေနှင့်ပါ ပြည့်စုံစေရအောင် တစ်ပါတည်း လေ့ကျင့်ပျိုးထောင် ပေးကြရမှာဖြစ်ကြောင်း။

နိုင်ငံ၏ ခေတ်မီတိုးတက်ပြောင်းလဲလာမှု အခြေအနေအရပ်ရပ်က တောင်းဆိုလာသည့် လိုအပ်ချက်အသစ်များကို ဖြည့်ဆည်းစွမ်းဆောင်ပေးနိုင်မည့် ပညာရည်မြင့်မားမှု၊ ကျွမ်းကျင်မှု၊ အတတ်ပညာ၊ နည်းပညာ ပြည့်စုံမှုစွမ်းအားများကို ပညာရေးကဏ္ဍက ကြိုတင်ဖန်တီးဖော်ဆောင်ပေးကြရမှာဖြစ်ကြောင်း။

ယနေ့အခြေခံပညာကျောင်းများ၏ ၈၆ ဒသမ ၄၁ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများမှာ တည်ရှိနေသကဲ့သို့ အခြေခံပညာကျောင်းသူကျောင်းသားများ၏ ၆၈ ဒသမ ၂၅ ရာခိုင်နှုန်းမှာလည်း ကျေးလက်ကကလေးများဖြစ်ကြကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ၎င်းကလေးတွေအတွက် ခေတ်မီပညာရပ်တွေ၊ ခေတ်မီသင်ယူနည်းစနစ်တွေကို မြို့ကြီးများမှာရှိသည့် ကျောင်းများနှင့်တစ်ပြေးညီ ပို့ချလေ့ကျင့်သင်ကြားပေးနိုင်မည်ဆိုလျှင် ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးမှုကွာဟချက်နှင့် အသိပညာဗဟုသုတ အလှမ်းကွာမှုများမှာ မကြာမီသော ကာလအတွင်းတွင် တဖြည်းဖြည်းချင်း လျော့နည်းပပျောက်သွားမှာ အမှန်ပဲဖြစ်ကြောင်း။

ယနေ့ ကျေးလက်နေ ကလေးသူငယ်များအပါအဝင် ကျောင်းသူကျောင်းသားထု တစ်ရပ်လုံးအတွက် ရရှိဖြစ်ထွန်းနေသည့် ပညာရေးသင်ကြားနိုင်မှုအခွင့်အရေးတွေ ပညာကိုအခြေခံပြီး ကိုယ်စီကိုယ်စီ၏ ဘဝတိုးတက်ကြီးပွားနိုင်မည့် အခွင့်အလမ်းများ၊ ကျေးလက်ဒေသများ အပါအဝင် တစ်နိုင်ငံလုံး လွှမ်းခြုံဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို မိမိနိုင်ငံမိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် အကျိုးရှိရှိထိရောက်စွာ အသုံးပြုကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများကို ရင်ဝယ်သားသဖွယ် သဘောထားပြီး သားစဉ်မြေးဆက် ရာသက်တိုင် အကျိုးဖြစ်ထွန်းစေရအောင်ဆိုသည့် စေတနာဖြင့် အရှည်တည်တံ့ ရှင်သန်ဖွံ့ဖြိုးစေမည့် အနာဂတ်ကိုမျှော်မှန်းသော အစီအမံများကို တစိုက်မတ်မတ် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး အခြေခံကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်စေမည့် အမျိုးသားပညာရည် မြင့်မားမှုစွမ်းအားကို ပညားရေးကဏ္ဍက တစ်ဆင့်ကြိုးပမ်းတည်ဆောက်ပေးကြပါ။

ရရှိဖြစ်ထွန်းနေသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အရှည်ခိုင်ခံ့တိုးပွားပြီး သားစဉ်မြေးဆက် အကျိုးခံစားရစေရေးအတွက် ထိန်းသိမ်းဆက်ခံ မြှင့်တင်ပေးနိုင်သည့် အရည်အသွေး မြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ဝန်ကြီးဦးသောင်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ (အထက်မြန်မာပြည်)ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား ဆရာ ၂၂၁ ဦးနှင့် သင်တန်းသူဆရာမ ၁၀၈၄ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၃၀၅ ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ငါးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

# ခန့်အပ်လွှာ ပေးအပ်

**စက်တင်ဘာ ၂၃ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာဂျူးလီးယက် ဂီရော့လ္လိုင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**

(သတင်း-ရွှေဖုံး)

(သတင်းစဉ်)



# ၂၀၀၉ ခုနှစ် ပြက္ခဒိန် ဝယ်ယူနိုင်

**ရန်ကုန် စက်တင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ထုတ်ဝေသည့် ၂၀၀၉ ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၇၀-၇၁ ခုနှစ်) ပြက္ခဒိန်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

**ခံ့ညားစွာထုတ်ဝေ**

ပြက္ခဒိန်ကို မျက်နှာဖုံး အပ်ပေပါ၊ အတွင်းကို ဝူဖရီးစက္ကူချောများဖြင့် စီစဉ်ပုံနှိပ်၍ ၁၂ မျက်နှာ ခြောက်ရွက်ဖြင့် ခံ့ညားစွာ ထုတ်ဝေဖြန့်ချိထားပြီး ပြက္ခဒိန်တွင် ရုံးပိတ်ရက်များ၊ ရက်ရာဇာ၊ ပြဿဒါးနှင့် နဂါးလှည့်တို့ကို ပြည့်စုံထင်ရှားစွာ ထည့်သွင်းဖော်ပြထားသည်။

အဆိုပါပြက္ခဒိန်ကို မြန်မာနိုင်ငံ တစ်ဝန်းအမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

❍ **မွှေးရနံ့မှ**

မည်သို့ပင်ဖြစ်စေ ဂျာမန်သိပ္ပံပညာရှင်များကတော့ သင့်အား အကြံပေးလိုက်ပါပြီ။ ချိုမြိန်သော အိပ်မက်လှလှလေးများ မက်လိုပါလျှင် သင်၏ ခေါင်းအုံးဘေးမှာ ပန်းများထားအိပ်ပါ။ သို့မဟုတ် အိပ်ရာပေါ်မှာ ပန်းများဖြန့်ကြဲ၍ ပန်းမွှေ့ရာခင်းအိပ်ပါဟူ၏။

ထိုသိပ္ပံပညာရှင်တို့က ရနံ့သည် အိပ်မက်တစ်ခု၏ စိတ်ခံစားရမှုအပေါ်တွင် အကျိုးသက်ရောက်မှုရှိနိုင်သည်ဟုဆိုသည်။ စမ်းသပ်မှုတွင်ပါဝင်ကြသောသူများက သူတို့အိပ်ပျော်နေစဉ်တွင် ချိုအီအီနှင်းဆီပန်းရနံ့လေးများသည် လေပြေလေညှင်းနှင့်အတူ နှာဝတွင်ရောက်လာသောအခါ သူတို့၏အိပ်မက်များတွင် ကြည်နူးဖွယ်ရာခံစားရပါသည်ဟု ပြောပြကြသည်။

ကြက်ဥပုပ်နံ့များနှင့်အတူ အိပ်စက်ရသော အမျိုးသမီး ၁၅ ဦးကတော့မူ မနှစ်မြို့ဖွယ်ရာ အိပ်မက်တွေနှင့် ကြုံကြရသည်ဟုဆိုသည်။

ဂျာမနီနိုင်ငံ မန်းဟိန်းတက္ကသိုလ်ဆေးရုံမှ ပါမောက္ခဘောရစ်စတတ်နှင့် သူ၏အဖွဲ့သားများက ကြည်နူးဖွယ်ရာ အိပ်မက်လေးများ မက်ကြရသည်မှာ မွှေးရနံ့၏ အာနိသင်ကြောင့်ဖြစ်ရသည်ဟု ယုံကြည်ကြသည်။

ကာဒစ်တက္ကသိုလ်မှ ဂန္ဓာရုံနှင့် ရသာရုံ ကျွမ်းကျင်ပညာရှင် ပါမောက္ခတင်ဂျာကော့ဗ်က စမ်းသပ်မှုများပြုလုပ်ခဲ့ရာ အစမ်းသပ်ခံပုဂ္ဂိုလ်များကို ၎င်းတို့အိပ်မက်မက်နေစဉ်မှာ မည်သို့ခံစားရပါသလဲဟူ၍ ခပ်ရွှင်ရွှင်မေးမြန်းခဲ့သည်။

အမျိုးသမီးများ အိပ်နေစဉ်မှာ တစ်စုံတစ်ခုသောအနံ့ဖြင့် အမြဲတမ်း အိပ်မက်မက်တတ်ကြသည်။ သို့သော်လည်း အိပ်မက်အတွင်းမှ ခံစားမှုအနိမ့်အမြင့်သည် စိတ်၏တက်ကြွမှုအပေါ်မူတည်၍ ပြောင်းလဲသည်။

ယခင်ပြုလုပ်ခဲ့သော သုတေသနတွင် အသံ၊ ဖိအားနှင့် တုန်ခါမှုများသည် အိပ်မက်၏ အဓိကအကြောင်းနှင့် အိပ်မက်၏ စိတ်လှုပ်ရှားမှုအတက်အကျအပေါ်ကို အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိခဲ့သည်။

လန်ဒန်စလိ(ပ်)စင်တာမှ ဒေါက်တာအာရှတ် အီဗဟာဟင်က ပြင်ပမှ စိတ်ဓာတ်တက်ကြွဖွယ်ရာနှင့် အိပ်မက်အကြား ဆက်သွယ်မှုရှိနေခြင်းကို သတိထားမိကြောင်း ပြောသည်။

ယခုကနဦး စမ်းသပ်မှုသည် ထိုပြဿနာများ၏ အဖြေကို ရှင်းလင်းစွာသိမြင်ရန်အတွက် ခြေတစ်လှမ်းဖြစ်သည်။ ထို့အပြင် လူတို့အား ကျန်းမာပျော်ရွှင်သောဘဝဆီသို့ ကောင်းစွာ ဦးတည်စေမည်ဖြစ်သည်။

ပါမောက္ခဂျာကော့ဗ်က ဂန္ဓာရုံသည် အိပ်စက်ခြင်းမရှိသည့် တစ်ခုတည်းသော အာရုံဖြစ်သည်။ ၎င်းအာရုံအချက်အလက်များက မှတ်ဉာဏ်နယ်မြေ၊ စိတ်လှုပ်ရှားမှုကို တုံ့ပြန်သော နယ်မြေများ ပါဝင်သည့် ဦးနှောက်ထံသို့ ရောက်ရှိသွားသည်ဟု ဆိုသည်။

အခြားသော အာရုံများသည် လူတို့အိပ်သောအခါ ပိတ်သွားသော ဦးနှောက်အစိတ်အပိုင်းတစ်ခုကို ဖြတ်ကျော်ရမည်ဖြစ်သည်။



❐ **ကျောဖုံးမှ**

သတ္တလောက ဖွဲ့စည်းမှုအရလည်းအင်းလေးဒေသတွင် ရေပျော်၊ ကုန်းပျော် ငှက်မျိုးစိတ်ပေါင်း ၂၇၀ ရှိပြီး ကမ္ဘာ့ ရှားပါးစာရင်းဝင် ငှက်မျိုးစိတ် ခြောက်မျိုးကိုလည်း တွေ့ရသည်။ ဆောင်းခိုငှက်အမျိုးပေါင်းများစွာမှာလည်း အင်းလေးဒေသ၏ထူးခြားသော ဇီဝဖွဲ့စည်းမှုကြောင့် လာရောက်နားခိုကြသည်။

အင်းလေးကန်အတွင်းနေထိုင်ကြသောအင်းသား၊ပအိုဝ်း၊ တောင်ရိုး၊ ဓနု၊ ရှမ်း၊ ပဒေါင် လူမျိုးစုတို့၏ ထူးခြားသောရေပေါ်အိမ် ဆောက်လုပ်နေထိုင်မှုနှင့် ရေပေါ်ဈေးများကြောင့်လည်း နိုင်ငံခြားခရီးသွားကမ္ဘာလှည့်များ၏ စိတ်ဝင်စားမှုကို ခံရသည်။ ထို့ကြောင့်လည်း အင်းလေးဒေသတွင် သဘာဝအခြေခံသော ခရီးသွားလုပ်ငန်းမှာ ဖွံ့ဖြိုးလျက်ရှိသည်။

ညောင်ရွှေတွင် ကမ္ဘာလှည့်များ တည်းခိုနိုင်ရန် ဟိုတယ် ၂၇လုံးရှိပြီး အင်းထဲတွင် ဟိုတယ် ၁၄လုံး အထိ တည်ဆောက်ကာ ခရီးသည်များကို ညွှေ့ဝတ်ပျူငှာစွာ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ကြေးမုံသတင်းအဖွဲ့သည်အင်းလေးဒေသမိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို လေ့လာရေးသားရန် ညောင်ရွှေမှတစ်ဆင့် အင်းထဲသို့ ခရီးဆက်ခဲ့သည်။

ညောင်ရွှေခရီးအစ အင်းလေးရေပြင်ကား ကြေးနီရောင်သမ်းလျက်ရှိရာ အင်းထဲရောက်လေ ပြာလဲ့လဲ့စိမ်းဖန့်ဖန့်ရေအရောင်ကို တဖြည်းဖြည်း ပြောင်းသွားကြောင်း သတိထားမိသည်။

အင်းလေးကန် အဝင်ဝမှာပင် အင်းလေးကန် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အင်းစိမ်းစီမံကိန်းဆိုင်းဘုတ်ကြီးကို ထီးထီးမားမား လှမ်းမြင်ရသည်။

- အင်းလေးကန် မတိမ်ကောစေရေးအတွက် ကန်အတွင်း စီးဝင်သော ချောင်းများမှ နုန်းပို့ချမှုကို ကာကွယ်တားဆီးရန်။
- အင်းလေးကန် အတွင်းမှ ဗေဒါ၊ ဒိုက်နှင့် ရေမှော်များ ဖယ်ရှားပြီး သန့်ရှင်းသာယာအောင် ဆောင်ရွက်ရန်။
- အင်းလေးကန်အတွင်း လူနေအိမ်ခြေ ထပ်မံတိုးချဲ့ခြင်းနှင့် ကျွန်းမျောစိုက်ခင်းများ တိုးချဲ့ခြင်းကို ကန့်သတ်ထိန်းသိမ်းရန်။
- အင်းလေးကန် ပတ်ဝန်းကျင် ရေဝေရေလဲဒေသများ၌ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောများ ပြန်လည်စိုက်ပျိုးခြင်းဖြင့် အင်းလေးကန် ပတ်ဝန်းကျင်ဒေသများ အမြဲ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန်။
- လောပိတ ရေအားလျှပ်စစ်စက်ရုံအတွက် လိုအပ်သော ရေအရင်းအမြစ်ကို ရေရှည်ဖြည့်ဆည်းပေးနိုင်ရေး ထိန်းသိမ်းရန်။
- အထက်ပါ လုပ်ငန်းတာဝန်များမှာနိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်း၍ အကောင်အထည် ဖော်ကာ အင်းလေးကန်၏ သဘာဝ အလှနှင့်တန်ဖိုးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဦးတည်ချက် (၆)ရပ်ဖြင့် အကောင်အထည်ဖော်ရေး လမ်းညွှန်ထားချက်ဖြစ်သည်။

အင်းလေးကန်၏ သဘာဝအလှအပများနှင့်သဘာဝကပေးအပ်ထားသောထူးခြားသည့်အရင်းအမြစ်ကြီး၊ မတိမ်ကော မပပျောက်ရေးမှာ နိုင်ငံတော်၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူတိုင်းတွင် တာဝန်ရှိသည်ဟု ခံယူမိသည်။

သတင်းအဖွဲ့ စီးနင်းလိုက်ပါလာသော စက်လှေမှာ အရှိန်ရလာလေ မှိုင်းညို့ညို့ တောင်တန်းကြီး နှစ်ခုကြားမှ အင်းလေးရေပြင်ကျယ်ကြီးကို တစ်မျှော်တစ်ခေါ်မြင်ရလေဖြစ်သည်။ ရေပန်းရေမွှားများ ဖွေးဖွေးလှုပ်မျှ အင်းလေးရေပြင်ပေါ် ရှပ်တိုက်ပြေးလွှားနေသော စက်လှေများ၊ငါးဖမ်း၊ ဒိုက်ဆယ်ရာမှ ပြန်လာသော ရောင်စုံရွက်လွှင့်လှေငယ်ရှင်များ၊ ခြေထောက်နှင့်တက်ကိုချိတ်ကာ လှော်ခတ်သွားလာနေသောလှေငယ်များက အင်းလေးဒေသ၏ နိမိတ်ပုံများပင်ဖြစ်သည်။ ယင်းနိမိတ်ပုံများနှင့် အင်းလေး၏အလှ၊ အင်းလေး၏ သဘာဝကို ပီပြင်အောင် ဖော်ကျူးနေသည်။ အင်းလေးအလှတွင် မည်မျှနစ်မျောနေသည် မသိ၊ စက်လှေရပ်သွားမှ Myanmar Treasure Resort Inle ဟိုတယ်ရှေ့ ရောက်နေမှန်းသိရသည်။ သက်ဆိုင်ရာက စီစဉ်ပေး၍ စာရေးသူတို့ Myanmar Treasure တွင် နားခိုအိပ်စက်ခွင့်ရခြင်းပင်ဖြစ်သည်။

စက်လှေမှဟိုတယ်တံတားပေါ်သို့ တက်လျှင်တက်ချင်း ရှမ်း၊ လားဟူ၊ ရွှေပလောင်၊ လီဆူး၊ ဓနု၊ ယင်း၊ ပအိုဝ်း၊ ဂုံရှမ်း၊ တိုင်းရင်းသားတိုင်းရင်းသူလေးများက အိုးစည်ဗုံမောင်းများတီးကာ လှိုက်လှဲပျူငှာစွာကြိုဆိုခြင်း ခံယူလိုက်ကြရသည်။ ထို့နောက် လှေပေါ်ပါသူတိုင်းအား ပဝါများကမ်းကာ အချိုရည်များဖြင့် ညှေ့ခံဖျော်ဖြေကြသည်။ သူတို့တွေ၏ ကြိုဆိုမှုက ခရီးသည်၏ရင်ကို အေးမြစေသည်။ ခရီးပန်း၍ နွမ်းနယ်မှုကို အပန်းပြေစေသည်။ နွေးထွေးသော ကြိုဆိုကမ်းလင့်မှုကို အသိအမှတ်မပြုဘဲ မနေနိုင်တော့။

သတင်းအဖွဲ့ကို နေရာချပေးသော ဘန်ဂလိုမှာ ကြယ်လေးပွင့်အဆင့် ဟိုတယ်မို့လားမသိ သန့်ရှင်းသပ်ရပ်လှသည်။ ဆိတ်ငြိမ်မှုက အပြည့်၊ အင်းလေး၏သဘာဝနှင့် အလှအပကို တဝကြီးခံစားရသည်။

ညစာစားကြတော့ ညှေ့ခန်းမမှာဖြစ်သည်။မြန်မာနိုင်ငံကိုလာရောက်လည်ပတ်ရင်း အင်းလေးကိုမရောက်ရောက်အောင်လာကြသောနိုင်ငံခြားသား ခရီးသည်များကိုလည်း တွေ့ရသည်။ ညစာသုံးဆောင်စဉ်ရှမ်းရိုးရာ တူရိယာ အစုံအလင်ဖြင့် ကိန္နရီကိန္နရာအကကို ဖျော်ဖြေတင်ဆက်ကြသေးသည်။

အကများ တင်ဆက်၍အပြီးမှာ နိုင်ငံခြားသားခရီးသည်များ၏ ခရီးစဉ်အပေါ် အမြင်ကိုမေးမြန်းကြည့်ရာ မြန်မာနိုင်ငံကို လာချင်လွန်း၍ ဒိန်းမတ်လိုနိုင်ငံမျိုးက တကူးတကလာရကြောင်း၊ မြန်မာနိုင်ငံခရီးစဉ်များတွင် မန္တလေး၊ ပုဂံ၊ အင်းလေးကို ပို၍နှစ်ခြိုက်သဘောကျကြောင်း၊ သဘာဝအနေအထားအတိုင်း မပျက်ယွင်းသေးဘဲ တွေ့ရကြောင်း၊ ပြည်ပတွင်ကြားရသော သတင်းများ ပြည်တွင်းရောက်မှ မမှန်တာသိရကြောင်း၊ အေးချမ်းဖော်ရွေသော အပြုံးနှင့်နွေးထွေးသော ကြိုဆိုမှုကို တန်ဖိုးထားပါကြောင်း၊ နောင်လည်း ထပ်မံ လာရောက်လည်ပတ်ဦးမည်ဖြစ်ကြောင်း ပြောကြားကြသည်။ သတင်းကောင်းကို သယ်ဆောင်နိုင်သူများမှာလည်း ပြည်တွင်းသို့လာရောက်လည်ပတ်ကြသည့် နိုင်ငံတကာမှ ညှေ့ကောင်းစောင်ကောင်းများပင်ဖြစ်ရာ အင်းလေး၏ကောင်းသတင်းကား ကမ္ဘာအနှံ့ ကျော်ကြားပျံ့နှံ့နေဦးမည်သာ ဖြစ်ပါသည်။

**လတ်ဆတ်သော အင်းလေးလေကို ရှူရှိုက်နေသည့် နိုင်ငံခြားသား ဒိန်းမတ်လူမျိုးများအား တွေ့ရစဉ်။**



## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၇း၅၀ ၅။ 'ဆေးလိပ်ကင်းကွာအနုပညာကမ္ဘာ' (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှအဥ္စလီတင့်)
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ ၂၀၀၈ ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) (ဝါသနာရှင် ဒုတိယတန်း) အဆင့် (အမျိုးသမီး)
၈း၃၀ ၈။ International News.
၈း၄၀ ၉။ ဝမ်ပုံရေလှော်တမံ
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အတီးပြိုင်ပွဲ
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၄း၃၀ ၄။ သီချင်းကြီးပဒေသာ
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၆။ အကပြိုင်ပွဲ
၅း၀၀ ၇။ တေးဂီတအစီအစဉ်
၅း၁၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၂၀ ၉။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) အဆင့်မြင့်ပညာအဆင့်(အမျိုးသား)
၅း၃၀ ၁၀။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၅၀ ၁၄။ အကပြိုင်ပွဲ
၇း၀၀ ၁၅။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇း၃၀ ၁၆။ ဆိုလိုက်ကြစို့
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပြဇာတ်ပြိုင်ပွဲ) "စည်းလုံးစို့လေသွေးချင်းတို့ရဲ့ပြည်" (ပထမဆု) (မန္တလေးတိုင်း)
၂၁။ အစီအစဉ်ပြီး၏။




ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းမြို့၌ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။ (မွေး/ရေ)

# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်း၊ တွံတေးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၃

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်း၌ ခရမ်းမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်များ၊ ခရမ်းမြို့ ရပ်ကွက်၊ ကျေးရွာများမှ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများအား တွေ့ဆုံ၍ မိုးစပါးအထွက်တိုးရေးအတွက် ကူညီပံ့ပိုးသွားမည့် အစီအမံများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင်က ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

ထို့နောက် ဝန်ကြီးသည် စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တွံတေးမြို့နယ် ကပင်ကြီးကျေးရွာအနီးရှိ ဧရာဝတီမြစ်အတွင်း လှောင်အိမ်စနစ်ဖြင့် မွေးမြူထားရှိသည့် ငါးတန်အသားတိုး မွေးမြူရေးစခန်းကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တွံတေးမြို့နယ် ကရင်ချောင်း စံပြကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ခန်းမဆောင်၌ ရေလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများအား တွေ့ဆုံပြီး ကရင်ချောင်း စံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေနှင့် ကရင်ချောင်း တိုက်နယ်ဆေးရုံ ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် တွံတေးမြို့ရှိမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ငါးလုပ်ငန်းရှင်များအသင်း ချမ်းမြေ့ရတနာခန်းမဆောင်၌ တွံတေးမြို့ ရေလုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

**ပြောကြား**

ဆက်လက်၍ တွံတေးမြို့ပညာဒါနဆောက်လုပ်ရေးအတွက် တွံတေးမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ရေလုပ်ငန်းရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက လက်ခံပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ စက်တင်ဘာ ၁၈ရက်မှ ၁၉ ရက်အထိ ကျင်းပသည့် "ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေးဆိုင်ရာ စာချုပ်နှင့် သက်ဆိုင်သော အဆင့်မြင့်အရာရှိကြီးများ၏ တတိယအကြိမ် အစည်းအဝေး"သို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၁ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့်အတူ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးဝီရျှူးနှင့် ဦးခင်မောင်ဦးတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၉/၂၀၀၈) သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၉/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အငြိမ်းစား သံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အငြိမ်းစားပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ယင်းသင်တန်း၌ အပြည်ပြည်ဆိုင်ရာညီလာခံများ၊ အစည်းအဝေးများ ကျင်းပခြင်းနှင့် တက်ရောက်ခြင်း၊ နိုင်ငံတကာလူမှုဆက်ဆံရေးနီတိ၊ သံတမန်ဆက်ဆံရေး၊ သံတမန်စာနှင့် ရုံးသုံးစာများ ရေးသားခြင်း၊ ဆက်သွယ်ပြောဆိုမှုအတတ်ပညာ၊ အပြည်ပြည်ဆိုင်ရာစီးပွား ဆက်ဆံရေး၊ နိုင်ငံတကာ ဥပဒေနှင့် စေ့စပ်ညှိနှိုင်းခြင်း ပညာများကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၈၈ ဦးတို့ တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်သည်။

(သတင်းစဉ်)




**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၉/၂၀၀၈) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ညွှန်ကြားရေးမှူးချုပ်ဦးအေးလွင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၃**

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် မန္တလေးတိုင်း တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၅ ရက်တွင် ငါန်းဇွန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း-ငါန်းဇွန်၊ အခြေခံပညာအထက်တန်းကျောင်း-မြို့သာ၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ-ကျောက်တလုံး၊ အခြေခံပညာအထက်တန်းကျောင်းခွဲ-ဂျီ၊ အမှတ် (၂)၊ (၄) အခြေခံပညာ မူလတန်းကျောင်းတို့သို့ ရောက်ရှိပြီး စာပေသင်ကြားမှု အခြေအနေ၊ ကျောင်းအဆောက်အအုံများ အခြေအနေ၊ သိပ္ပံလက်တွေ့ခန်းများ အသုံးပြု သင်ကြားမှုအခြေအနေ၊ Language Lab များ၊ မာလ်တီမီဒီယာ စာသင်ခန်းများ အသုံးပြုသင်ကြားမှု အခြေအနေ၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဆရာ၊ ဆရာမများ၏ သင်ကြားမှု အရည်အသွေးမြင့်မားရေး၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ဘာသာရပ် တစ်ခုချင်းစီ၏ အောင်ချက် တိုးတက်မြင့်မားရေး၊ ဘာသာရပ်မှူးများက ဘာသာရပ်အလိုက် ကြပ်မတ်ဆောင်ရွက်ရေး၊ Guardian စနစ်ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်ခန်းများပေး၍ စစ်ဆေးကြပ်မတ်ပေးရေး၊ လပိုင်းမာတိကာနှင့်အညီ သင်ကြားရေး၊ အခန်းဆုံးစစ်ဆေးမှုများအား သတ်မှတ်ကာလအတိုင်း စစ်ဆေးပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ဆရာ၊ ဆရာမများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(အောက်ပုံ) (၄၆၉)**

**သစ်တော**
**သစ်ပင်**
**ဒိုချွစ်ခင်**
**အစဉ်**
**စိုက်ပျိုး**
**အလှတိုး**



# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၄-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၅။ မြန်မာစာမြန်မာစကား
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့မွေးရပ်မြေ (အပိုင်း-၃၂)**
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **မြန်မာဗွီဒီယို ဇာတ်လမ်းတွဲ -အိပ်မက်ဆိုးမှမနိုးခင် (အပိုင်း-၅)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဖြေလိုက်ပါ
၂၁။ ICT သုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ဖြူစင်ခြင်းရဲ့နောက်ကွယ် (အပိုင်း-၂၆)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

# ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

(၁၆)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် သူရမောင်သိန်းခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

အဆိုပါအခမ်းအနားသို့ လေတပ်စခန်းဌာနချုပ်မှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော်(လေ)၊မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြောကြား**

**ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီး သိန်းနိုင် (၁၆)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန် စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)







# မြန်မာဝူရှူးအားကစားအဖွဲ့ ကိုရီးယားထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၃**

၂၀၀၈ခုနှစ် စက်တင်ဘာ ၂၆ရက်မှ ၃၀ရက်အထိ ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အားကစားပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာဝူရှူးအားကစားအဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။**(အပေါ်ပုံ)**

မြန်မာဝူရှူးအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးကျော်ကျော်(ဒုတိယဥက္ကဋ္ဌ၊ ဝူရှူးအဖွဲ့ချုပ်)၊နည်းပြများအဖြစ် Mr. Su Tong Yu(တရုတ်)၊ ဦးအောင်သူနိုင်၊ ဦးခင်မောင်ငြိမ်း၊ အားကစားသမားများအဖြစ် ထောက်လုအမျိုးသား အောင်စည်သူ၊ စိုးဝင်းသိန်း၊ စိုးကျော်၊ အမျိုးသမီး စန္ဒီဦး၊ သက်သက်နိုင်၊ ဆန်းဆိုအမျိုးသမီး စီစီစိန်တို့ လိုက်ပါသွားကြသည်။ မြန်မာဝူရှူးအဖွဲ့မှာ အဆိုပါပြိုင်ပွဲကို ပထမဦးဆုံး အကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခြင်းလည်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဝူရှူးအဖွဲ့ချုပ်၏ဖိတ်ကြားချက်အရ ယင်းပြိုင်ပွဲတွင် ထောက်လုဒိုင်လူကြီးအဖြစ် ဦးခွန်ဂျာအောင် (အထွေထွေအတွင်းရေးမှူး၊ ဝူရှူးအဖွဲ့ချုပ်)နှင့် ဆန်းဆိုဒိုင်လူကြီးအဖြစ် ဦးခင်စိုးတို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည်ဖြစ်ပြီး စက်တင်ဘာ ၂၂ရက်က ထွက်ခွာသွားပြီဖြစ်သည်။ (ကြေးမုံ)

# ကားလင်းဖလား တတိယအဆင့် ဒုတိယနေ့ပွဲများ ချယ်လ်ဆီးနှင့် ဗီလာတို့ နောက်တစ်ဆင့်တက်နိုင်ဖွယ်

**စက်တင်ဘာ ၂၅ (ကြာသပတေးနေ့) နံနက် ၁း၁၅ နာရီ**

**ကားလင်းဖလားတတိယအဆင့် ဒုတိယနေ့ပွဲများတွင် ဗီလာတစ်သင်းသာပွဲချောင်ပြီး ကျန်ပရီမီယာလိဂ်အသင်းများအားလုံး ပွဲကျပ်ကစားရမှာဖြစ်ပါတယ်။ လက်ရှိ ကားလင်းဖလားချန်ပီယံ စပါးမှာ နယူးကာဆယ်နဲ့ အဝေးကွင်းကစားရမှာဖြစ်တာကြောင့် ခြေကုန်ထုတ်ရတော့မှာဖြစ်ပါတယ်။**

### ပို့စ်မောက်-ချယ်လ်ဆီး

ဒီနှစ်သင်း ပရီမီယာလိဂ်အဖွင့်ပွဲမှာ ဆုံတွေ့ခဲ့စဉ်က ချယ်လ်ဆီးက ဂိုးပြတ်နဲ့အနိုင်ရထားပါတယ်။ လက်ရှိအချိန်မှာ ပို့စ်မောက်ရဲ့ ခြေဟာ အကျဘက်ကို ရောက်နေပါတယ်။ ချယ်လ်ဆီးရဲ့ခြေကလည်း အကောင်းကြီးမဟုတ်ဘူးဆိုပေမယ့် အက်ဆီယန်ကလွဲပြီး လူစုံတက်စုံပါဝင်လာမယ့် ချယ်လ်ဆီးတို့ပဲ အချိန်ပိုမရောက်ခင်မှာ အနိုင်ယူပြီး နောက်တစ်ဆင့် တက်သွားမှာပါ။

### ဘလက်ဘန်း-အဲဗာတန်

ဒီနှစ်သင်းဟာလည်း ရာသီအဖွင့်ပွဲမှာ ဆုံတွေ့ခဲ့ဖူးတဲ့ အသင်းတွေပါ။ အဲဒီပွဲမှာ ဘလက်ဘန်းက အိုအီဂျာရဲ့ နောက်ကျဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အဲဗာတန်တို့ ရှုံးကြွေးပြန်ဆပ်ခွင့်ရနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ လက်ရှိခြေစွမ်းအရ အဲဗာတန်က သာသယောင်ရှိပေမယ့် ယခုကစားမှာက ဘလက်ဘန်းကွင်းဖြစ်တာကြောင့် အချိန်ပိုအထိ ရောက်သွားမယ့် အနေအထားပါ။

### နယူးကာဆယ်-စပါး

ပရီမီယာလိဂ်မှာ အခြေမလှတဲ့ နှစ်သင်းတွေ့တဲ့ပွဲပါ။ နယူးကာဆယ် ကစားသမားတွေ စိတ်ဓာတ်ကျနေသလို စပါးကလည်း နိုင်ပွဲပျောက်နေပါတယ်။ထိပ်တိုက်တွေ့ဆုံမှုရဲ့ နောက်ဆုံးငါးပွဲစလုံးမှာ နယူးကာဆယ်က အနိုင်ရထားပါတယ်။ ဒါကြောင့် ဒီပွဲမှာ အစဉ်အလာနဲ့ အိမ်ကွင်းအားသာချက်ရှိတဲ့ နယူးကာဆယ်ဘက်ကပဲ အနိုင်ရဖို့ အလေးသာနေပါတယ်။

### ဗီလာ-ကျူပီအာရ်

ဗီလာဟာ ချန်ပီယံရှစ်က အသင်းငယ်လေး ကျူပီအာရ်နဲ့ အိမ်ကွင်းမှာ ကစားရမှာပါ။ ကျူပီအာရ်ဟာ ပြိုင်ဘက်တွေကို ဒုက္ခပေးလေ့ရှိတဲ့ အသင်းပါ။ ဒါကြောင့် ဒီပွဲမှာ ဗီလာပေါ့လို့ မရပါဘူး။ ဘယ်ရီ၊ အဘွန်လဟော်၊ အက်ရှ်လေယန်း၊ ဂွျန်ကာရူးတို့အားနဲ့ အာရုံအပြည့်စိုက်ပြီး ကစားပါမှ ဗီလာတို့ နောက်တစ်ဆင့်ကို သက်သောင့်သက်သာနဲ့တက်သွားနိုင်မှာပါ။ ဗီလာ ဒီပွဲကိုသာ အာရုံစိုက်ကစားမယ်ဆိုရင် ဂိုးပြတ်သွားနိုင်ပါတယ်။

### အက်စ်ဗွတ်ချ်-ဝီဂန်

ဒီနှစ်သင်းရဲ့ လူအင်အား စုဖွဲ့မှုမှာ ဝီဂန်ကသာတယ်ဆိုပေမယ့် အက်စ်ဗွတ်ချ်မှာလည်း ပရီမီယာလိဂ်အတွေ့အကြုံရှိတဲ့ ကစားသမားတွေရှိနေပါတယ်။ အက်စ်ဗွတ်ချ်ဟာ ဒီလိုပွဲမျိုးဆိုရင် အားကုန်ထည့် ကစားတတ်တာကြောင့် ဒီပွဲဟာ အချိန်ပို၊ ပယ်နယ်တီအထိ ရောက်သွားလိမ့်မယ်လို့ ဆိုချင်ပါတယ်။

ယူအီးအက်ဖ်အေ ဖလားပွဲနဲ့ တိုက်နေလို့ ရွှေ့ထားတဲ့ ဘရိုက်တန်နဲ့ မန်စီးတီးတို့ရဲ့ ကားလင်းဖလား ဒုတိယအဆင့် လက်ကျန်ပွဲကို ယနေ့ည ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ အနိုင်ရတဲ့ အသင်းက တတိယအဆင့်ပြိုင်ပွဲကို ဒါဘီနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

**ဝင်းတင်(ကြေးမုံ)**

# မန္တလေး (GTI) ရွှေရတုနှစ်ပတ်လည် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

မန္တလေး GTI တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို နိုဝင်ဘာ ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မန္တလေးမြို့ (၆၈)လမ်း၊ (၃၁)လမ်းနှင့် (၃၂)လမ်းကြားရှိ ကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ အားလုံးစုံညီစွာ တက်ရောက်ကြရန်နှင့် အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို လှူဒါန်းလိုပါက ဦးစိုးဝင်းသန့် ဖုန်း-၀၆၇-၄၁၄၁၄၁၊ ဦးမြင့်လွင် ဖုန်း-၀၉၅၀၀၅၂၅၂၊ဦးသိန်းဝင်း ဖုန်း-၀၉၅၁၁၂၉၈၇၊ ဒေါ်တင်မမ ဖုန်း-၀၉၅၁၅၆၁၈၂၊ ဦးတိုးဝင်း ဖုန်း-၀၂-၆၂၃၇၈၊ ဦးမောင်မောင် ဖုန်း-၀၂-၃၁၈၃၆၊ဦးရန်လင်းဦး ဖုန်း-၀၉ ၅၁၃၂၇၉၈၊ဗိုလ်ကြီးမြင့်ဦး ဖုန်း -၀၂-၇၃၆၁၀၊ဦးခင်မောင်တင့်(မုံရွာ) ဖုန်း-၀၉၂၁၃၀၇၀၉၊ဦးအေးမြင့် ဖုန်း -၀၇၁-၂၂၆၇၉၊ ဦးစန်းဝေ(ရွှေဘို) ဖုန်း-၀၉ ၂၁၀၀၄၃၄၊ ဦးလှမြင့်(ပြင်ဦးလွင်) ဖုန်း-၀၉၂၀၄၄၈၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၃**

"ပျူငှာသူတို့အိမ်ဂေဟာ မြန်မာပြည်ကို လာလည်ပါ"မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်မြှင့်တင်ရေးအပေါ် သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၃၇) ထွက်ရှိလာသည်။

ထို့အပြင် မြန်မာ့ပဲ တန်ချိန်တစ်သန်း အိန္ဒိယက ဝယ်ယူမည်၊ အာဆီယံလက်မှု အနုပညာ ပစ္စည်းပြခန်း အမျိုးသားပြတိုက်တွင် ဖွင့်လှစ်၊ ရူပီးကုဋေတစ်သောင်းခွဲခန့် ကုန်ကျမည့် ရေအားလျှပ်စစ် စီမံကိန်းနှစ်ခု အိန္ဒိယက မြန်မာပြည်တွင် တည်ဆောက်မည်၊ မြန်မာ့အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ၂၀၀၈ခုနှစ် အာဆီယံ စီးပွားရေးဆု ဝင်ရောက်ယှဉ်ပြိုင်နိုင်၊ ၁၅၄ပေရှည်သည့် မြေအောက်ရထားလမ်းတစ်ခုပါမည့် ကြံခင်း-ပခုက္ကူရထားလမ်းပိုင်းတွင် ဘူတာပေါင်း ၆၅ရုံ တည်ဆောက်မည်၊ စတီရီယို စနစ်သုံး အဆင့်မြင့်ရုပ်ရှင်ဇာတ်ကားများ မြန်မာနိုင်ငံတွင် ပထမဆုံး တည်းဖြတ်ထုတ်လုပ်နိုင်ပြီ၊ ရွှေတြိဂံဒေသသို့ ကမ္ဘာလှည့် ခရီးသည်များ ပိုမိုရောက်ရှိရေး ကန်ဒေါ်လာ ၆၈ သန်းကုန်ကျမည့် ခရီးသွားလုပ်ငန်းစီမံကိန်းကြီး မကြာမီ အကောင်အထည်ဖော်မည်၊ ဆိုမာလီ ပင်လယ်ကွေ့တွင် ပြန်ပေးဆွဲခံရသော မြန်မာသင်္ဘောသားများ မိသားစုဝင်များနှင့် အဆက်အသွယ် ရပြီဟုဆို၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "မိမိကိုယ်ကို ယုံကြည်မှု"အကြောင်း စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများပါရှိသည်။

အသုံးမပြုတော့သော ကျောင်းတစ်ကျောင်းကို နိုင်ငံခြားအလုပ်သမား အိပ်ဆောင်အဖြစ် ပြောင်းလဲမည့်သတင်းကြောင့် ဒေသခံများကန့်ကွက်၊ အမည်မသိ အလှူရှင်တစ်ဦးက သူပေါက်သည့် ထီလက်မှတ်ကို လူမှုရေးအလှူခံပုံးတွင် ထည့်လှူ၊ ဩစတြေးလျသို့ နိုင်ငံခြားမှ ကျောင်းသားများ စုပုံဝင်ရောက်၊ သခင်၏ အသက်ကိုကယ်သည့် ဂျာမန် သိုးထိန်းခွေးတစ်ကောင်အကြောင်း၊ နတ်ဒေဝါများ စောင့်ရှောက်နေသလား အိမ်တစ်လုံးမှာ ထီးထီးမားမား မုန်တိုင်းဒဏ်က လွတ်မြောက်သွား၊ ထုပ်ပိုးပြုပြင်ထားသည့် အသုပ်အစားအစာများက အစာ အဆိပ်သင့်မှုကို ဖြစ်ပွားစေ၊"ဇနီးသည်အပေါ် ဆိုးရွားစွာအကြမ်းဖက်ရက်စက်သည့် ခင်ပွန်းသည်"အကြောင်း မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊"ပြောရဦးမယ်သူတို့ကဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာ ကဏ္ဍစုံလင်စွာပါရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "လူချမ်းသာ" တရားတော် (ဒုတိယပိုင်း) (ဆရာတော် ဘဒ္ဒန္တဝိစက္ခဏာလင်္ကာရဘိဝံသ) |
| ၇း၅၅ - ၁း၅၅ | Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ဦးတင်အောင်ရွှေ(သုတေသီ)] |
| ၈း၂၅ - ၂း၂၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၅၀ - ၂း၅၀ | စီးဆင်းပါစေမေတ္တာရည် (မေကဗျာ၊ ဖူးဖူး) |
| ၉း၀၀ - ၃း၀၀ | တေးဂီတအစီအစဉ် |
| ၉း၀၅ - ၃း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၅ - ၃း၁၅ | နုယဉ်ဆန်းထွင်ပန်းအလှဆင်(မိမိစိတ်ကြိုက်ပန်းအလှပြင်ဆင်ခြင်း) |
| ၉း၃၅ - ၃း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ - ၃း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၅ - ၃း၄၅ | လေ့လာဆည်းပူးသင်ယူချင်စရာ RV Centre မှာ (အပိုင်း-၂) |
| ၁၀း၁၅ - ၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ - ၄း၂၅ | Midweek Sports News |
| ၁၀း၄၀ - ၄း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ - ၄း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၅ - ၄း၅၅ | ထူးထူးခြားခြားသစ်ခေါက်ပန်းချီကား |
| ၁၁း၀၅ - ၅း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ - ၅း၁၀ | Yangon Panorama (Sony Professional HD World Revolution) |
| ၁၁း၃၀ - ၅း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅ - ၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ - ၅း၄၀ | ကြည်နူးစရာလက်ဆောင်အဖြာဖြာ |
| ၁၁း၅၅ - ၅း၅၅ | Antiohidants & Your Health (အပိုင်း-၂)(ဒေါက်တာဝင်းထွန်း) |
| ၁၂း၂၅ - ၆း၂၅ | တေးဂီတအစီအစဉ် |
| ၁၂း၃၀ - ၆း၃၀ | Myanmar Video Rhythm |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# မြန်မာလိဂ်ဘောလုံးပြိုင်ပွဲ ရထားနှင့် ပို့ဆောင်ရေးသရေကျ ကာကွယ်ရေးက လယ်/ဆည်ကိုအနိုင်ရ

ရန်ကုန် စက်တင်ဘာ ၂၃

**၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ကာကွယ်ရေးက လည်/ဆည်ကို အနိုင်ရရှိသွားပြီး ပို့ဆောင်ရေးနှင့် မြန်မာ့မီးရထားတို့ သရေကျသွားသည်။**



**ပို့ဆောင်ရေးနှင့် မြန်မာ့မီးရထားတို့ အကြိတ်အနယ်။**

**(သုဝဏ္ဏကွင်း)**

မြန်မာ့မီးရထားအသင်း - တစ်ဂိုး
(စိုးမင်းနိုင် - ပယ်နယ်တီ)
ပို့ဆောင်ရေးအသင်း - တစ်ဂိုး
(ဝင်းမင်းထွန်း)

အဖွင့်ပွဲစဉ်တွင် လယ်/ဆည်အသင်းကို ဂိုးမိုးရွာခဲ့သည့် ပို့ဆောင်ရေးအသင်းမှာ ယခုပွဲတွင် အဆုံးသတ် အားနည်းမှုကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်း ဖြစ်သည်။ မြန်မာ့မီးရထား အသင်းမှာ ပထမပွဲစဉ်တွင် သစ်တောနှင့် သရေကျခဲ့သလို ယခုပွဲတွင်လည်း သရေပွဲ ထပ်မံဖြစ်ခဲ့ရခြင်းဖြစ်သည်။

ပထမပိုင်းတွင် ပို့ဆောင်ရေးအသင်းက ခြေအသာဖြင့် ဖိကစား နိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်းတွင် အားနည်းနေ၍ ထိရောက်သည့် ဂိုးသွင်းခွင့်မရ ဖြစ်နေသည်။ မြန်မာ့မီးရထားအသင်းမှာ ခံစစ်ကိုလုံအောင်လုပ်ပြီးမှ တန်ပြန်တိုက်စစ်ဆင်သည့် ပုံစံမျိုးဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် မြန်မာ့မီးရထားအသင်း ပယ်နယ်တီမှတစ်ဆင့် ဂိုးစတင်ရရှိပြီး ယင်းပယ်နယ်တီကို စိုးမင်းနိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ပို့ဆောင်ရေးအသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာပြီး ၁၄ မိနစ်တွင် ပြည့်ဖြိုးဦး ဖြတ်ပို့သည့် ဘောလုံးကို ဝင်းမင်းထွန်းက ပိတ်သွင်းယူခဲ့သောကြောင့် ပို့ဆောင်ရေးချေပဂိုးပြန်လည်ရရှိသွားသည်။ ထိုနောက်ပိုင်းတွင် ပွဲမှာအကြိတ်အနယ် ရှိလာပြီး ၁၈ မိနစ်တွင် ပို့ဆောင်ရေးအသင်း အနိုင်ရရှိမည့် အခွင့်အရေး ရရှိခဲ့သော်လည်း ဝင်းမင်းထွန်း ပယ်နယ်တီကို ဝင်အောင်မသွင်းနိုင်၍ သရေပွဲဖြင့် ပြီးဆုံးသွားခြင်းဖြစ်သည်။ အဆိုပါပယ်နယ်တီကို မီးရထားဂိုးသမား ရဲလင်းအောင် အမိဖမ်းနိုင်ခဲ့၍ ပို့ဆောင်ရေးမနိုင်၊ မီးရထား မရှုံးရခြင်းဖြစ်သည်။

**(အောင်ဆန်းကွင်း)**

ကာကွယ်ရေးအသင်း - သုံးဂိုး
လယ်/ဆည်အသင်း - ဂိုးမရှိ

ကာကွယ်ရေး အသင်းမှာ ပထမဦးဆုံး နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး လယ်/ဆည်အသင်းမှာ နှစ်ပွဲဆက်အရှုံးဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ကာကွယ်ရေးအသင်းမှာ ပထမပွဲတွင် စွမ်းအင်ကို အရေးနိမ့်ထားသောကြောင့် ယခုပွဲကို အနိုင်ရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ နိုင်ငံတကာပြိုင်ပွဲများရှိ၍ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲကို ခေတ္တ ရပ်နားထားမည်ဖြစ်ပြီး အောက်တိုဘာ ၂၉ ရက်ကျမှ ပြန်လည်ကျင်းပမည်ဖြစ်သည်။

မြန်မာ့ဘောလုံးတိုးတက်ရေးကိုရည်ရွယ်၍ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲအတွက် Main Sponsors အဖြစ် Grand Royal (IBTC Co., Ltd.)က ငွေကျပ် သိန်း ၅၀၀၊ Co Sponsors များအဖြစ် Myanmar CP Livestock Co., Ltd. က ငွေကျပ်သိန်း ၁၀၀၊ Canon Co., Ltd. က ငွေကျပ်သိန်း ၅၀၊ United Mercury Group Co., Ltd. က ငွေကျပ်သိန်း ၅၀၊ Calsome ကွေကာ (MDG Co., Ltd.)က ငွေကျပ်သိန်း ၅၀ နှင့် Khin Maung Nyunt Trading Co., Ltd. က ငွေကျပ်သိန်း ၃၀ တို့ လှူဒါန်းထားကြသည်။ ထို့ပြင် United Pharma Co., Ltd. မှ မြန်မာလိဂ်ပြိုင်ပွဲအတွက် ငွေကျပ် ၁၅ သိန်းနှင့် မြန်မာ့လက်ရွေးစင် ဘောလုံးသမားများအတွက် ငွေကျပ် ၃၅ သိန်း တန်ဖိုးရှိ ဆေးဝါးများဖြစ်သည့် အန်နာဗွန်စီ၊ ဘိုင်အိုဂျက်ဆစ်နှင့် ALEXAN တို့ကို ထပ်မံ လှူဒါန်းထားကြောင်း သိရသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ မြန်မာလိဂ်အမှတ်ပေးပြိုင်ပွဲ ပိုမို အကြိတ်အနယ် ရှိလာစေရန်အတွက် ပွဲစဉ်တိုင်းအား အနိုင်ရရှိသောအသင်းများအား ငွေကျပ် နှစ်သိန်းစီ ချီးမြှင့်လျက်ရှိသည်။

**သတင်းနှင့် ဓာတ်ပုံ- စိုးညွန့်(ကြေးမုံ)**

# တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် အစည်းအဝေး ၂၀၀၈ ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၈)ကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အသင်း နာယက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သန်းက အဖွင့်အမှာစကားပြောကြားပြီး တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်စိုးက လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများနှင့် အသင်း၏ လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သည့် အသင်းသားများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းနှင့် တာဝန်ရှိသူများက ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ် ချီးမြှင့်သည်။

ယင်းနောက် ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူရှင်များက အလှူငွေကျပ် ၁၉၅၀၀၀၀ နှင့် ပရင်တာ တစ်လုံးအား ပေးအပ်လှူဒါန်းပြီး ကျေးရွာအုပ်စုတို့မှ အသင်းဝင် အဆိုပြုလွှာ အစောင် ၁၀၅၀ ကို ပေးအပ်ရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းတင်ထွန်းက လက်ခံသည်။

ဆက်လက်ပြီး အစီအစဉ် ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး အစည်းအဝေးကို ရုပ်သိမ်းကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

## မြဝတီမဂ္ဂဇင်း၏ ၂၀၀၈ ခုနှစ် နှစ်ပတ်လည် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

မြဝတီမဂ္ဂဇင်း၏ ၂၀၀၈ ခုနှစ် နှစ်ပတ်လည် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ‘သာစွနေပြည်’ ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြမည့် ဓာတ်ပုံပညာရှင်များအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြဝတီစာပေတိုက် အမှတ်(၇၅/ခ) ပြည်လမ်း စော်ဘွားကြီးကုန်း အင်းစိန်မြို့နယ် ရန်ကုန်သို့လိပ်မူလျက် ပေးပို့ရမည်ဖြစ်သည်။

ဆုရရှိသည့် ဓာတ်ပုံပညာရှင်များ၏ အမည်စာရင်းကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ဖော်ပြကြေညာသွားမည်ဖြစ်ပြီး ဆုများကို အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက တာဝန်ခံစာတည်း မြဝတီမဂ္ဂဇင်း ဖုန်း - ၀၁-၆၄၂၂၀၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၄၄) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၁ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မသဇင်သိမ့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့သန်း ဆုချီးမြှင့်စဉ်။** (ပညာရေး)

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ASIA MASTERS
Foreign Language Academy
MAKING & SERVING PEOPLE
သင်တန်းသားများခေါ်ယူခြင်း
နိုင်ငံခြားဘာသာစကားသင်တန်းများ (၉-၁၁/၂၀၀၈)
JAPANESE LANGUAGE PROGRAM
JLPT 4,3,2 &1
JLPT စာမေးပွဲအတွက်သင်တန်းများ
BASIC A,B,C &D
လေ့လာသူများအတွက်သင်တန်းများ
CONVERSATION
ဂျပန်စကားပြောသီးသန့်သင်တန်းများ (Native Speaker)
CHINESE LANGUAGE PROGRAM
INTERNATIONAL SPOKEN CHINESE
Pin Yin ကိုအသံမှန်ထွက်စေပြီး တရုတ်စာလုံးကိုစနစ်တကျရေးတတ်စေမည်
ENGLISH LANGUAGE PROGRAM
PRE-ELEMENTARY,
ELEMENTARY,
PRE-INERMEDIATE,
INTERMEDIATE,
ADVANCED, IELTS (Native Speaker)
English to English သင်ကြားသည်။ အင်္ဂါနေ့တိုင်း Placement Test ရှိသည်။
SPOKEN & FOREIGN GOING ENGLISH
အင်္ဂလိပ် - မြန်မာနှစ်ဘာသာဖြင့်သင်သည်။
MALAY LANGUAGE PROGRAM
မလေးဘာသာစကား ယဉ်ကျေးမှုနှင့်
မလေးလူမျိုးနှင့် ဆောင်ရန် ရှောင်ရန်
လုပ်ငန်းခွင်ဝင် သင်တန်းများ ဖြစ်သည်။
COMPUTER TRAINING PROGRAM
BASIC, DTP , GRAPHIC DESIGN , AutoCAD
LAYOUT DESIGN, PROFESSIONAL COURSES
သင်တန်းအားလုံး အောက်တိုဘာ ၆၊ ၈၊ ၁၀ ဖွင့်မည်။ ကျောင်းအပ်လက်ခံပြီ။
၂၂၇၊ ဗိုလ်ချုပ်လမ်း၊ Asia Plaza Hotel (မြေညီထပ်)၊ ရန်ကုန်မြို့။
☎ 379311, 391378 Ext: 715

# မြန်မာနိုင်ငံတောင်ပိုင်းမိုးပိုလာနိုင်

**ရန်ကုန် စက်တင်ဘာ ၂၃**

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** စစ်တွေမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် မကွေးမြို့တွင် ၁ ဒသမ ၂၂ လက်မ တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**စက်တင်ဘာ၂၄ ရက် ညနေထိ ခန့်မှန်းချက် ။ ။** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်** နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | | |
|---|---|---|
| ၂၆ ဒသမ ၇ ဒီဂရီစင်တီဂရိတ် | (၈၀ ဒီဂရီဖာရင်ဟိုက်) | ၂၂-၉-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | | |
|---|---|---|
| ၁၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ် | (၆၇ ဒီဂရီဖာရင်ဟိုက်) | ၂၃-၉-၂၀၀၈ |
| ၀၉း၃၀ နာရီအချိန် စိုထိုင်းဆ | ၁၀၀ ရာခိုင်နှုန်း | ၂၃-၉-၂၀၀၈ |
| နေပူသည့်နာရီပေါင်း | မရှိပါ | ၂၂-၉-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၃-၉-၂၀၀၈ | ၁၈ မမ (၀ ဒသမ ၇၁လက်မ) | ၁၉ မမ (၀ ဒသမ ၇၅လက်မ) | ၂၉ မမ (၁ ဒသမ ၁၄လက်မ) |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၄၂၇ မမ (၉၅ ဒသမ ၅၅လက်မ) | ၂၇၁၆ မမ (၁၀၆ ဒသမ ၉၃လက်မ) | ၃၁၆၀ မမ (၁၂၄ ဒသမ ၄၁လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၂-၉-၂၀၀၈ ရက် ၂၃း၁၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီရှစ်မိုင်နှုန်း တိုက်ခတ်သည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၉၆၁)ဟုခေါ်တွင်သော နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ သီဟသူလမ်းသွယ်၊ အမှတ်(၉၆၁)ဟုခေါ်တွင်သည့် အဆောက်အအုံတို့ကို ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့် တကွ ကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ကျွန်ုပ်၏မိတ်ဆွေမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇင်ထွန်း**
**တရားရုံးချုပ်ရှေ့နေ**
**အမှတ်(၃၁/၃၃)၊ ၅-လွှာ၊ ၃၅လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

## အခွန်လွတ်ဈေးများကို လှည့်လည်ကြည့်ရှုစစ်ဆေး

**ရန်ကုန်    စက်တင်ဘာ    ၂၃**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ရန်ကင်းမြို့နယ်၊ တာမွေမြို့နယ်၊ သာကေတမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တို့ရှိ အခွန်လွတ်ဈေးများသို့ သွားရောက်ကာ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များရှိ ကြက်သား၊ ကြက်ဥနှင့် ငါး၊ ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချိုရေငန် ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူစားဖို ဆောင်သုံးသီးနှံ အရောင်းဆိုင်များ၊ ဆန်အရောင်းဆိုင်များ၊ စားအုန်းဆီ အရောင်းဆိုင်များနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)





ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မရမ်းကုန်းမြို့နယ် အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ကားလင်းဖလား တတိယအဆင့် ဒုတိယနေ့ပွဲများ အကြိုသုံးသပ်ချက်**

စာမျက်နှာ-၁၁

**ဆေးသိပ္ပံဆိုင်ရာ အင်တာနက် သတင်းဆောင်းပါး**

**သန်းလွင်(ကြေးမုံ)**

## မွှေးရနံ့မှုရသော အိပ်မက်လှုလှုများ



အိပ်မက်ကောင်းကောင်းမက်၍ အတိတ်ကောက်ပြီး ထီထိုးရာ ဇနီးသည်အား စိန်နားကပ်ပန်ပေးနိုင်ခဲ့သူတစ်ဦး အကြောင်းကို ကြားဖူးခဲ့ပါသည်။ အိပ်မက်ဆိုးတွေမက်၍ ဇောချွေးပြန်ပြီး ညကြီးသန်းခေါင် ထထိုင်ကြသူတွေလည်း ရှိပါသည်။ ပျော်ရွှင်ကြည်နူးဖွယ် အိပ်မက်ကြောင့် ပြုံးဖြီးဖြီးမျက်နှာကို အပိုးမသတ်နိုင်ဘဲ အိပ်ရာထလာသူတွေလည်း ရှိကြသည်။

**စာမျက်နှာ ၉ ကော်လံ ၆ သို့ ○**



# အင်းလေးကန်သာနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ**

**စိုးညွန့် (ကြေးမုံ)**

**ရန်ကုန်    စက်တင်ဘာ    ၂၃**

ဟဲယာရွာမ၊ နောင်တော၊ နမ့်ပန်၊ အင်းပေါခုံ ဟူသည့် အင်းအတွင်းမှ ရွာလေးရွာကို အစွဲပြုကာ အမည်သညာတွင်သော အင်းလေးကန်မှာ မြန်မာနိုင်ငံတွင် ထင်ရှားလှသော သဘာဝအရင်းအမြစ်ကြီး တစ်ခုဖြစ်သည်။ အင်းလေးကန် ဘေးမဲ့တောနှင့် သဘာဝဝန်းကျင် သားငှက်ထိန်းသိမ်းရေး ဌာန၏ လေ့လာတွေ့ရှိချက်အရ အင်းလေးဒေသ၌ ဒေသရင်းသစ်ခွမျိုး ၁၀၈ မျိုး မှတ်တမ်းတင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐**

**ဘန်ဂလိုများ**

**အင်းလေး ကန်ထဲရှိ Myanmar Treasure Resort Inle မှ ဘန်ဂလိုလေးများအား တောင်တန်းကြီးနောက်ခံဖြင့် လှပစွာတွေ့ရစဉ်။**

**ယ နေ့ ကြေးမုံ ဆောင်းပါးနှင့်သတင်းများအညွှန်း**

ပြည်သူတွေတောင့်တနေတဲ့ ဒီမိုကရေစီစနစ်ကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ မြန်မြန်ရောက်ဖို့ အရေး မဖျက်ဆီး မနှောင့်ယှက်ကြပါနဲ့တော့။

**ကိုသာယာ၏ "နီးတာကိုဝေးအောင် မလုပ်ကြပါနဲ့" (ဆောင်းပါး)** **စာမျက်နှာ-၆**



အေးချမ်းစည်ပင် ဖွံ့ဖြိုးနေသည့် ဝမ်မိုင်ဆုံ ကျေးရွာ **(သတင်းဆောင်းပါး)** **စာမျက်နှာ - ၃**



ပြည်တွင်း အားကစား သတင်း **စာမျက်နှာ - ၁၂**